# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၅ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၃ ရက် ၂၀၂၃ ခုနှစ်၊ ဇူလိုင် ၂၀ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၂)၊ အမှတ်(၂၈၉)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း

## (၇၆)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ တက်ရောက်ဂါရဝပြု

ရန်ကုန် ဇူလိုင် ၁၉

၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ အာဇာနည်ဗိမာန်၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း တက်ရောက်ဂါရဝပြုသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ဒေါက်တာမှုထန်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ (၇၆)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာသက်ခိုင်ဝင်း၊

*စာမျက်နှာ ၃ ကော်လံ ၁* ❖

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွမ်းသူ့ပန်းခွေကိုချစဉ်။

မြန်မာ့အလင်း

## ပြည့်အင်အားဖြင့် ရင်ဆိုင်ကျော်လွှား

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၁၂) ရပ်တွင် နိုင်ငံတကာဆက်ဆံရေးနှင့် စပ်လျဉ်း၍ "လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကို ဆက်လက်လိုက်နာကျင့်သုံးရေး။" ဟူ၍ နိုင်ငံရေးဦးတည်ချက်တစ်ရပ်လည်း ပါဝင်သည်။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်နှင့် လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သည့် နိုင်ငံခြားရေးမူဝါဒမှာ မြန်မာနိုင်ငံက ခေတ်အဆက်ဆက် အစဉ်တစိုက် ကျင့်သုံးခဲ့သော နိုင်ငံခြားရေးမူဝါဒများပင်ဖြစ်သည်။

ယနေ့ ကမ္ဘာကြီးကိုကြည့်လျှင် ကပ်ရောဂါကျရောက်မှု၊ အင်အားကြီးနိုင်ငံများအကြား ပွတ်တိုက်မှုနှင့် စစ်မက်ဖက်ပြိုင်မှုများ၊ ယင်းတို့၏ အကျိုးဆက်ဖြစ်သော ကမ္ဘာ့စီးပွားရေးကျဆင်းမှု၊ စားနပ်ရိက္ခာနှင့် လောင်စာဆီရှားပါးမှု၊ ငွေကြေးဖောင်းပွမှု စသည့် ရိုက်ခတ်မှုများကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် ခံစားနေရချိန်လည်း ဖြစ်သည်။ ယင်းသို့သော ရိုက်ခတ်မှုများသည် အဘက်ဘက်က အင်အားနည်းသည့် နိုင်ငံငယ်များအဖို့ ကြီးမားသည့်အခက်အခဲ၊ အကျပ်အတည်းများကို ဖြစ်ပေါ်စေသည်။ တစ်ချိန်တည်းမှာပင် အင်အားကြီးနိုင်ငံအချို့က နိုင်ငံငယ်များ၏ ပြည်တွင်းရေးများတွင် လိုတစ်မျိုး၊ မလိုတစ်မျိုး ခေါင်းစဉ်အမျိုးမျိုးတပ်ကာ နည်းလမ်းမျိုးစုံဖြင့် ဝင်ရောက်စွက်ဖက်မှုများကိုလည်း ရင်ဆိုင်ကြရသည်။ အင်အားကြီးနိုင်ငံများအနေဖြင့် ၎င်းတို့၏ ဘက်တော်သား၊ ၎င်းတို့၏ နောက်လိုက်နိုင်ငံများတွင် စံနှုန်းတစ်မျိုး၊ ၎င်းတို့၏ ဩဇာကို မခံယူသောနိုင်ငံများတွင် စံနှုန်းတစ်မျိုးဖြင့် ဝင်ရောက်စွက်ဖက်နေကြခြင်းဖြစ်ပြီး ရည်ရွယ်ချက်မှာ ၎င်းတို့၏ ဩဇာအာဏာထူထောင်ရန်ပင်ဖြစ်သည်။

မြန်မာနိုင်ငံသည် အရှေ့တောင်အာရှနှင့် တောင်အာရှဒေသတို့ ဆက်စပ်နေသည့်နေရာတွင် တည်ရှိနေပြီး ကမ္ဘာ့လူဦးရေအများဆုံး၊ စီးပွားရေးအင်အားကြီးမားသည့်နိုင်ငံကြီး နှစ်ခု၏ကြားတွင် တည်ရှိနေသော နိုင်ငံဖြစ်သည်။ လက်ရှိဖြစ်ပေါ်နေသည့် ကမ္ဘာ့အားပြိုင်မှုများတွင်လည်း အချက်အချာကျသည့်နေရာတွင် တည်ရှိနေရာ ကမ္ဘာ့အင်အားကြီးနိုင်ငံအချို့အနေဖြင့် မြန်မာနိုင်ငံကို ၎င်းတို့အလိုကျ ပုံဖော်ဆောင်ရွက်နိုင်ရေး၊ ၎င်းတို့၏ ရုပ်သေး၊ ၎င်းတို့၏ ဩဇာခံဖြစ်စေရေးတို့အတွက် ဖိအားပေးအကျပ်ကိုင်မှုများ၊ အပြစ်ရှာဝေဖန်တိုက်ခိုက်မှုများ၊ ပိတ်ဆို့အရေးယူမှုများကို စဉ်ဆက်မပြတ် လုပ်ဆောင်လျက်ရှိရာ မိမိတို့နိုင်ငံအနေဖြင့် "ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်" ဟူသော ခံယူချက်ဖြင့် အခက်အခဲ၊ အကျပ်အတည်းများကို ရင်ဆိုင်ကျော်လွှားလျက်ရှိသည်။

မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများနှင့် ဆက်ဆံရာတွင်လည်းကောင်း၊ နိုင်ငံတကာနှင့် ဆက်ဆံရာတွင်လည်းကောင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅) ရပ်ပေါ်တွင် ရပ်တည်၍ တန်းတူရည်တူရှိမှု၊ ကမ္ဘာ့ရေးရာများတွင် ဘက်မလိုက်မှု၊ ချစ်ကြည်ရင်းနှီးစွာ မိတ်ဝတ်မပျက် ပေါင်းဖက်ဆက်ဆံမှု၊ ကုလသမဂ္ဂအဖွဲ့ကြီးအား အားပေးထောက်ခံမှု၊ ပူးပေါင်းဆောင်ရွက်ရေးကို အကျိုးတူမှု၊ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ နိုင်ငံတော်တိုးတက်ဖွံ့ဖြိုးရေးအတွက် အကျိုးရှိမည့် နှောင်ကြိုးမပါသော ပြင်ပအကူအညီထောက်ပံ့မှုများကို ရယူဆောင်ရွက်သွားရေး စသည့်အခြေခံမူများနှင့်အညီ ကျင့်သုံးနေခြင်းဖြစ်သည်။

မျက်မှောက်ကမ္ဘာကြီးတွင် နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်ရာ၌ ငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးဆုံး လိုအပ်ချက်များပင် ဖြစ်သည်။ မြန်မာနိုင်ငံသည် မည်သို့သောစိန်ခေါ်မှုများကို ရင်ဆိုင်ရသည်ဖြစ်စေ မိမိနိုင်ငံ၊ မိမိလူမျိုး အကျိုးစီးပွားကို မထိခိုက်စေမည့်၊ နိုင်ငံတကာနှင့် ပေါင်းသင်းဆက်ဆံမှုကို မပျက်ယွင်းစေမည့် နိုင်ငံတစ်နိုင်ငံအဖြစ် ကုလသမဂ္ဂအပါအဝင် ဒေသတွင်းအဖွဲ့အစည်းများ၊ ကမ္ဘာ့နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တက်ကြွစွာ ဆောင်ရွက်လျက်ရှိပါကြောင်း။ ။

## ၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် အာဇာနည်နေ့ ဝမ်းနည်းခြင်းအထိမ်းအမှတ် နိုင်ငံတော်အလံ တိုင်ဝက်လျှော့ချလွှင့်ထူ၍ အလေးပြုခြင်းအခမ်းအနား အတွင်းဝန်ရုံး(ယခင်ဝန်ကြီးများရုံး)၌ ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၉**

ရန်ကုန်မြို့ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)၌ (၇၆)နှစ်မြောက် အာဇာနည်နေ့ ဝမ်းနည်းခြင်း အထိမ်းအမှတ် နိုင်ငံတော်အလံအား တိုင်ဝက်သို့ လျှော့ချလွှင့်ထူ၍ အလေးပြုခြင်း အခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးခဲ့ရာ ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)၌ ကျင်းပသည်။

**နှစ်မိနစ် ငြိမ်သက်**

အခမ်းအနားသို့ (၇၆)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနား ကျင်းပရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန် ဦးဗိုလ်ဌေးနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဂုဏ်ပြုတပ်ဖွဲ့များ တက်ရောက်ကြပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများကို အလေးပြုကြကာ နိုင်ငံတော်အလံအား တိုင်ဝက်သို့ လျှော့ချလွှင့်ထူ၍ နှစ်မိနစ် ငြိမ်သက်ကာ မေတ္တာပို့ အမျှပေးဝေကြသည်။ **(အပေါ်ပုံ)**

ယနေ့တွင် အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)၌ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် အစည်းအဝေးခန်းမနှင့် ပါလီမန် အဆောက်အအုံနေရာတို့ကို နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ အများပြည်သူ လာရောက်လေ့လာနိုင်ရန် ယနေ့ တစ်ရက်တာ အထူးဖွင့်လှစ်ပြသခဲ့သည်။ ကျန်နေ့များတွင် နံနက် ၉ နာရီမှ ညနေ ၆ နာရီအထိ ပိတ်ရက်မရှိ ဖွင့်လှစ်ထားရှိပြီး ယနေ့၌ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် အစည်းအဝေးခန်းမ၊ အာဇာနည် ခေါင်းဆောင်များကျန်ရှိခဲ့သည့် ပစ္စည်း ၂၈ မျိုးပြခန်း၊ သက်တမ်းရာကျော်ရှိသည့် ပါလီမန်အဆောက်အအုံအတွင်း ခင်းကျင်းပြသမှုနှင့်အခြားလေ့လာစရာ သမိုင်းဝင်မှတ်တမ်းများကို အများပြည်သူ အထူးစည်ကားများပြားစွာ ဝင်ရောက်ကြည့်ရှုလေ့လာကြသည်။

**ဦးညွှတ်အလေးပြု**

(၇၆) နှစ်မြောက် အာဇာနည်နေ့ ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ဝမ်းနည်းခြင်း အထိမ်းအမှတ်အဖြစ် ဥဩဆွဲ အချက်ပေးစဉ် ယာဉ်နှင့်ပြည်သူများက ရပ်တန့်၍ ဦးညွှတ်အလေးပြုခဲ့ကြသည်။

**သတင်းစဉ်**

ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့် အစည်းအဝေးခန်းမနှင့် အာဇာနည်ခေါင်းဆောင်များ အသုံးပြုသည့် ပစ္စည်းများ ပြသထားသည့်ပြခန်းများကို ပြည်သူများ ကြည့်ရှုလေ့လာကြစဉ်။

## တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၁၉**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း ထုတ်လွှင့်မှုကို ၂၀၂၃ ခုနှစ် ဧပြီ ၁ ရက်မှ စတင်၍ ၂၀၂၃ ခုနှစ် ဇူလိုင် ၃၁ ရက်အထိ နေ့စဉ် နံနက် ၆ နာရီမှစပြီး ချင်း(ချို း)၊ မွန်၊ ရခိုင်၊ ရှမ်း၊ 'ဝ'၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး) ဘာသာအစီအစဉ်များကို ည ၁၁ နာရီအထိ ထုတ်လွှင့်လျက်ရှိသည်။

ယခု NRC ရုပ်သံလိုင်း ထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၃ ခုနှစ် ဩဂုတ် ၁ ရက်မှစပြီး နိုဝင်ဘာ ၃၀ ရက်အထိ နေ့စဉ် နံနက် ၆ နာရီမှ ၈ နာရီအထိ မွန်ဘာသာအစီအစဉ်၊ နံနက် ၈ နာရီမှ ၁၀ နာရီအထိ ရခိုင်ဘာသာအစီအစဉ်၊ နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရှမ်းဘာသာအစီအစဉ်၊ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၂ နာရီအထိ 'ဝ' ဘာသာအစီအစဉ်၊ မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ ကချင်ဘာသာအစီအစဉ်၊ ညနေ ၄ နာရီမှ ညနေ ၆ နာရီအထိ ကယားဘာသာအစီအစဉ်၊ ညနေ ၆ နာရီမှ ည ၇ နာရီအထိ စကောကရင်ဘာသာအစီအစဉ်၊ ည ၇ နာရီမှ ည ၈ နာရီအထိ အနောက်ပိုးကရင်ဘာသာအစီအစဉ်၊ ည ၈ နာရီမှ ၉ နာရီအထိ အရှေ့ပိုးကရင်ဘာသာအစီအစဉ်၊ ည ၉ နာရီမှ ၁၀ နာရီအထိ ချင်း(လိုင်ဇိုး)ဘာသာအစီအစဉ်၊ ည ၁၀ နာရီမှ ၁၁ နာရီအထိ ချင်း(ချို း)ဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အဖွဲ့ဝင်များ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွမ်းသူ့ပန်းခွေကိုချ၍ အလေးပြုကြစဉ်။

❖ *ရှေ့ဖုံးမှ*

ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ အခမ်းအနားကျင်းပရေးလုပ်ငန်းကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်**

ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် အဖွဲ့ဝင်များနှင့်အတူ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များနှင့် ဖိတ်ကြားထားသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကြသည်။

**လွမ်းသူ့ပန်းခွေကိုချ အလေးပြု**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် ဒေါက်တာမှုထန်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ (၇၆) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပရေးဗဟိုကော်မတီဥက္ကဋ္ဌ၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့် ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးတို့သည် တက်ရောက်လာကြသူများနှင့်အတူ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ လွမ်းသူ့ပန်းခွေကိုချ၍ အလေးပြုကြသည်။

**တိုင်ဝက်သို့လျှော့ချလွှင့်ထူ**

ယင်းအချိန်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် တိုင်ဝက်သို့လျှော့ချလွှင့်ထူပြီး ဂုဏ်ပြုတပ်ဖွဲ့က သေနတ်မြောက်၍လည်းကောင်း၊ စစ်ခရာအဖွဲ့က ကျဆုံးရဲဘော်အလေးပြုခရာမှုတ်၍ လည်းကောင်း အလေးပြုကြပြီး နှစ်မိနစ် ငြိမ်သက်၍ မေတ္တာပို့သအမျှပေးဝေကြသည်။ *စာမျက်နှာ ၄ သို့*

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အဖွဲ့ဝင်များ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အဖွဲ့ဝင်များ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။

အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သားအကြီးဖြစ်သူ ဦးအောင်ဆန်းဦးက အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။

သခင်မြအထိမ်းအမှတ် ဂူဗိမာန်၌ သခင်မြ၏မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။

ဒီးဒုတ်ဦးဘချို၏ အထိမ်းအမှတ် ဂူဗိမာန်၌ ဒီးဒုတ်ဦးဘချို၏ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။

ဦးဘဝင်း၏ အထိမ်းအမှတ် ဂူဗိမာန်၌ ဦးဘဝင်း၏ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။

မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်း၏ အထိမ်းအမှတ်ဂူဗိမာန်၌ မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်း၏ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။

မန်းဘခိုင်၏ အထိမ်းအမှတ် ဂူဗိမာန်၌ မန်းဘခိုင်၏ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။

*စာမျက်နှာ ၃ မှ*

ယင်းနောက် အာဇာနည်ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သားအကြီးဖြစ်သူ ဦးအောင်ဆန်းဦးနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များ၊ ကိုယ်စားလှယ်များက အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ ဂါရဝပြုကြပြီး မေတ္တာပို့သ အမျှပေးဝေကြသည်။

**လွမ်းသူ့ပန်းခွေချ အလေးပြု**

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံရုံးအကြီးအကဲများနှင့် သံရုံးယာယီတာဝန်ခံများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံဂီတအစည်းအရုံး (ဗဟို)၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ ပန်းချီ/ပန်းပုအစည်းအရုံး(ဗဟို)၊ မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း၊ မြန်မာနိုင်ငံ စာရေးဆရာအသင်း၊ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီ၊ မြန်မာနိုင်ငံ သတင်းစာဆရာအသင်း၊

*စာမျက်နှာ ၅ သို့*

ဦးရာဇတ်၏ အထိမ်းအမှတ် ဂူဗိမာန်၌ ဦးရာဇတ်၏ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝ ပြုစဉ်။

ဦးအုန်းမောင်၏ အထိမ်းအမှတ်ဂူဗိမာန်၌ ဦးအုန်းမောင်၏ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။

ရဲဘော်ကိုထွေး၏ အထိမ်းအမှတ်ဂူဗိမာန်၌ ရဲဘော်ကိုထွေး၏ မိသားစုဝင်များက လွမ်းသူ့ပန်းခွေချ ဂါရဝပြုစဉ်။

ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့မှ တာဝန်ရှိသူများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြစဉ်။

နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြစဉ်။

***စာမျက်နှာ ၄ မှ***

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီနှင့် မြန်မာနိုင်ငံဆရာဝန်အသင်းတို့အပါအဝင် လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြသည်။

ယင်းနောက် (၇၆) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားသို့ တက်ရောက်ဂါရဝပြုကြသည့် ရဟန်းရှင်လူများ၊ ကျောင်းသား ကျောင်းသူများ၊ အများပြည်သူများက ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျ တန်းစီ၍ အာဇာနည်ခေါင်းဆောင်ကြီးများ၏ကျေးဇူးတရားကို

***စာမျက်နှာ ၆ သို့***

*စာမျက်နှာ ၅ မှ*

အောက်မေ့အမှတ်ရသောအားဖြင့် ဂါရဝပြုကြသည်။

၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံး တိုင်ဝက်လွှင့်ထူခဲ့ကြပြီး အာဇာနည်ခေါင်းဆောင်ကြီးများကျဆုံးခဲ့သည့် နံနက် ၁၀ နာရီ ၃၇ မိနစ်အချိန်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ဥသြဆွဲ အချက်ပေးခဲ့သည်။

**ပြည်သူများ ပိုမိုလာရောက်ဂါရဝပြု**

ယနေ့တွင် အာဇာနည်ဗိမာန်၊ ဗိုလ်ချုပ်အောင်ဆန်း ပြတိုက်နှင့် အတွင်းဝန်ရုံး (ယခင်ဝန်ကြီးများရုံး)များသို့ အများပြည်သူများ ပိုမိုလာရောက်ဂါရဝပြုလေ့လာခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှသံရုံးအကြီးအကဲများနှင့် သံရုံးယာယီတာဝန်ခံများက အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြစဉ်။

မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှသံရုံးအကြီးအကဲများနှင့် သံရုံးယာယီတာဝန်ခံများက အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြစဉ်။

လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြစဉ်။

ပြည်သူများနှင့် ကျောင်းသား၊ ကျောင်းသူများက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထိမ်းအမှတ်ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ အလေးပြုကြစဉ်။

# အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ရန်ကုန်မြို့တော်ခန်းမ၌ ကုသိုလ်ပြုအမျှပေးဝေခြင်း အခမ်းအနားကျင်းပ

**ရန်ကုန် ဇူလိုင် ၁၉**

၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် အာဇာနည်နေ့တွင် ကျဆုံးလေပြီးသော အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ကုသိုလ်ပြု အမျှပေးဝေခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ခန်းမပထမထပ်ရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ (၇၆) နှစ်မြောက် အာဇာနည်နေ့အခမ်းအနား ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဒေါ်စန္ဒာသွယ်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ကော်မတီဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ မစိုးရိမ်ဆရာတော် ဘဒ္ဒန္တကေသရာဘိဝံသထံမှ ဧည့်ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည့် မေတ္တသုတ် ပရိတ်တရားတော်များကို နာယူကြကာ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ **(ယာပုံ)**

ထို့နောက် မစိုးရိမ်ဆရာတော် ဘဒ္ဒန္တကေသရာဘိဝံသထံမှ အနုမောဒနာတရားနာယူကြပြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

**သတင်းစဉ်**

# နိုင်ငံတော်အတွက် အသက်ပေးလှူသွားကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများအားရည်စူး၍ ကုသိုလ်ပြုအမျှပေးဝေခြင်းအခမ်းအနား နေပြည်တော်၌ကျင်းပ

**နေပြည်တော် ဇူလိုင် ၁၉**

၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် အာဇာနည်နေ့တွင်နိုင်ငံတော်အတွက်အသက်ပေးလှူသွားကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ကုသိုလ်ပြုအမျှပေးဝေခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ကောင်စီရုံး ဇမ္ဗူသီရိခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပျဉ်းမနားမြို့နယ် မင်္ဂလာဇေယျုံပါဠိတက္ကသိုလ် ကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဝိမလဗုဒ္ဓိ အမှူးပြုသော ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ဝေလင်း၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီ အဖွဲ့ဝင်များ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်၊ အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာ အကြီးအကဲများ တက်ရောက်ကြသည်။

အခမ်းအနား မစတင်မီ နေပြည်တော်ကောင်စီဥက္ကဋ္ဌက ခန်းမအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ဖူးမြော်ကြည်ညိုပြီး ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်းနှင့် ဆီမီးတို့ကို ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ အမှူးပြုသည့် ဧည့်ပရိသတ်များက ပျဉ်းမနားမြို့နယ် မင်္ဂလာဇေယျုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာန နာယက ဆရာတော်ထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်ကြီးများ ရွတ်ပွားသရဇ္ဈာယ်တော်မူသည့် ပရိတ်တရားတော်များကို နာယူကြသည်။ (ဝဲပုံ)

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် နေပြည်တော်ကောင်စီဝင်များက ပျဉ်းမနားမြို့နယ် မင်္ဂလာဇေယျုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ပဓာန နာယက ဆရာတော် အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက ပျဉ်းမနားမြို့ သုခဝိဟာရ သရက်ကုန်းကျောင်းတိုက် ပဓာန နာယက ဆရာတော် ဒေါက်တာဘဒ္ဒန္တမုနိကုမာရ ထံမှ သံဝေဂကထာ တရားနာယူကြပြီး အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ ရေစက်သွန်းလောင်း အမျှပေးဝေကြသည်။

ယင်းနောက် နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် တက်ရောက်လာကြသည့် ဧည့်ပရိသတ်များက နိုင်ငံတော်အတွက် အသက်ပေးလှူသွားကြသည့် အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ နှစ်မိနစ် ငြိမ်သက်ဂါရဝပြုကြသည်။

အခမ်းအနားအပြီးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောက်ဖြူမြို့၌ သမဝါယမအသင်းလီမိတက်၏ အရပ်ရပ်ဆိုင်ရာစည်းဝေး

**ကျောက်ဖြူ ဇူလိုင် ၁၉**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ အင်အားသစ်ငွေစုငွေချေး သမဝါယမအသင်းလီမိတက်၏ မီနီဘတ်ဂျက်နှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် ပြုလုပ်သည့် အရပ်ရပ်ဆိုင်ရာ အစည်းအဝေး အခမ်းအနားကို ဇူလိုင် ၁၆ ရက်က အစိုးရရပ်ကွက် အခြေခံပညာ မူလတန်းကျောင်းရှိ အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**

အခမ်းအနားတွင် သဘာပတိ ဦးအောင်တင်ဖြူက အမှာစကားပြောကြားပြီး မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်ဝင်းက သမဝါယမအသင်းဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အင်အားသစ်ငွေစုငွေချေးသမဝါယမအသင်း ဒုတိယဥက္ကဋ္ဌ ဦးထွန်းသိန်းမောင်က မီနီဘတ်ဂျက်နှင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် နှစ်ချုပ်ရှင်းတမ်းများနှင့် ဒါရိုက်တာအဖွဲ့ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းရာ အသင်းသားများက အတည်ပြုခြင်းများ ဆောင်ရွက်ကြသည်။ အဆိုပါ အင်အားသစ်ငွေစုငွေချေး သမဝါယမအသင်းတွင် အသင်းသား ၂၅၇ ဦးရှိကာ အစုငွေ ၄၃၆၉၀၀၀၊ စုဆောင်းငွေ ၁၅၇၁၂၆၆၀၀၀၊ သာမန်ချေးငွေ ၁၈၁၃၆၃၀၀၀ တို့မှာ လည်ပတ်လျက်ရှိပြီး စုဆောင်းငွေအပေါ်အတိုး ကျပ်၁၁၉၆၈၆၀၀ အား အသင်းသားများသို့ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

**တင်ထွန်းဦး၊ ဖြိုးဝေလင်း**

# Friday Night Local Talents Show (English Songs တေးဂီတဖျော်ဖြေပွဲ) မြန်မာ့ရုပ်မြင်သံကြားမှ တိုက်ရိုက် Live ထုတ်လွှင့်မည်

**နေပြည်တော် ဇူလိုင် ၁၉**

ပြည်သူများ အပန်းပြေစေရန်၊ ပျော်ရွှင်စေရန်နှင့် စိတ်ခွန်အားသစ်များရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ Friday Night Live Show အစီအစဉ် ဆန်းသစ်မှုအဖြစ် **“ LOCAL TALENTS SHOW ” (English Songs တေးဂီတဖျော်ဖြေပွဲ)**ကို ၂၀၂၃ခုနှစ်၊ ဇူလိုင် ၂၁ ရက် (သောကြာ) နေ့ ည ၈ နာရီ သတင်းများအပြီးတွင် MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

အဆိုပါအစီအစဉ်တွင် **“မြန်မာ့အသံတေးဂီတ”** အဖွဲ့၏ တီးခတ်မှုနှင့်အတူ တေးသံရှင်များဖြစ်ကြသည့် Nine၊ စောဒယ်နီရယ်၊ အောင်မြတ်သူ၊ Rachel၊ နှင်းဝတ်ရည်၊ ဟန်သီ၊ ရေဂျီးနား၊ အာသာဝတီခင်မြတ်ဘုန်း၊ ချစ်စုရှင်နှင့် မေထူးသွင်တို့က English Songs များဖြင့် သီဆိုဖျော်ဖြေကြမည်ဖြစ်ပြီး ထိုသို့တင်ဆက်မှုကို ဇူလိုင် ၂၃ ရက်(တနင်္ဂနွေ) နေ့ နံနက် ၁၀ နာရီခွဲတွင် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# အာဇာနည်မိသားစုဝင်များ၏ အာဇာနည်နေ့အမှတ်တရစကား

**တွေ့ဆုံမေးမြန်း - ချိုကြီး**
**ဓာတ်ပုံ - ရဲထွင်**

**ရန်ကုန် ဇူလိုင် ၁၉**

၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် အာဇာနည် မိသားစုဝင်များ၏ အမှတ်တရစကား များကို စုစည်းဖော်ပြလိုက်ပါသည်။

**ဗိုလ်ချုပ်အောင်ဆန်း၏သား ဦးအောင်ဆန်းဦး**

အာဇာနည်တွေက မြန်မာ့လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့တာဆိုတော့ လွတ်လပ်ရေးရတုန်းက ချမှတ်ထားတဲ့ ယုံကြည်မှုအပေါ် မူတည်ပြီးတော့ ရေးဆွဲထားတဲ့ ညီညွတ်မှု အခြေခံဥပဒေက အရေးကြီးတယ်လို့ ထင်ပါတယ်။ အဲဒီမှာ မြန်မာလူမျိုးဆိုတာ ဗမာ၊ ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရခိုင်၊ ရှမ်းစတဲ့ တိုင်းရင်းသားတွေဖြစ်ပါတယ်။ နိုင်ငံအဆင့်ကတော့ မြန်မာနိုင်ငံဆိုပြီးတော့ ဗမာနိုင်ငံမဟုတ်ဘူး၊ မြန်မာနိုင်ငံ၊ အဲဒီအတိုင်းပဲ စဉ်းစားပြီး လုပ်ကိုင်မယ်ဉ်ကျေးမှုရမှာ။ ဒီနေ့လည်း အာဇာနည်နေ့ ပန်းခွေချပြီးရင် နှစ်မိနစ်၊ သုံးမိနစ်လောက် တိုင်းပြည်နဲ့လူမျိုး နောက် အာဇာနည်အားလုံးကို မေတ္တာပို့အမျှပေးဝေမှာပါ။ နိုင်ငံသားတွေအနေနဲ့ အမှန်အတိုင်း စဉ်းစားတတ်ဖို့က အရေးကြီးတယ်။ ပညာရေးစနစ် စဉ်းစားပုံ စဉ်းစားနည်းစနစ်ကို ပထမဆုံး အမြန်ဆုံး မြှင့်တင်ပေးနိုင်ဖို့ ကြိုးစားပါမယ်။ အခုက မစဉ်းစားတတ်တဲ့သူတွေကို အချင်းချင်း မညီညွတ်အောင် လုပ်နေတဲ့ အပိုင်းတွေရှိတယ်။ ပြည်သူလူထုက စဉ်းစားပြီး ညီညီညွတ်ညွတ်နေကြဖို့ အရေးကြီးတယ်။

**သခင်မြ၏သား ဦးရဲမြင့်အောင်**

ဒီနေ့ဒီရက်မှာ သတိရပေးတဲ့အတွက် ကျေနပ်ပါတယ်။ အာဇာနည်ခေါင်းဆောင်ကြီးတွေက ကိုယ်ကျိုးစွန့်ခဲ့ကြတယ်။ တိုင်းပြည်ချစ်တယ်။ သူတို့ရဲ့ စိတ်ဓာတ်က လွတ်လပ်ရေးရအောင် လုပ်မယ်ဆိုတဲ့စိတ်ကလွဲလို့ ဘာမှမရှိဘူး။ သူတို့တွေရဲ့ စိတ်ဓာတ်တွေက ချီးကျူးစရာကောင်းပါတယ်။ အားလုံး စည်းစည်းလုံးလုံးနဲ့ တိုင်းတစ်ပါးရဲ့ လက်အောက်ခံဘဝကနေ လွတ်လပ်ရေးရအောင်လုပ်ခဲ့လို့ အာဇာနည်နေ့ဆိုတာ ဖြစ်ခဲ့တာလေ။

**ဒီးဒုတ်ဦးဘချို၏မြေး ဦးသန့်ဇင်ချို**

အမေရိကတည်းက မှာသွားတယ်။ သူမရှိလည်း အာဇာနည်နေ့ အခမ်းအနား တက်ရောက်ဖို့၊ မောင်နှမတွေ တစ်ယောက်မအားလည်း တစ်ယောက် တက်ရောက်ဖို့ မှာသွားပါတယ်။ ကျွန်တော်တို့လည်း နှစ်စဉ်မပျက် တက်ရောက်ပြီး ဂါရဝပြုပါတယ်။ အဘိုးအတွက်လည်း ဂုဏ်ယူမိရင်းနဲ့ပေါ့၊ အခုလို (၇၆) နှစ်မြောက်နေ့အထိကို လာပြီးတော့ ကျဆုံးသွားတဲ့ခေါင်းဆောင်ကြီးများကို ဂါရဝပြုရတာ အားလုံးအတွက် ဂုဏ်ယူမိပါတယ်။ နှစ်စဉ် အစဉ်အလာမပျက် အမြဲတမ်းကျင်းပပေးနိုင်မယ်လို့လည်း ယုံကြည်မိပါတယ်။

**မန်းဘခိုင်၏မြေး နန့်စိုးစိုးခိုင်**

ရှေးဦးစွာ ဘုရားသခင်ရဲ့ ကျေးဇူးတော်ကြောင့် ကျန်းမာရေးကောင်းတဲ့အတွက်ကြောင့် အသက်ရှင်တဲ့အတွက် ကြောင့်လာနိုင်တာပါ။ အခု အာဇာနည်နေ့အခမ်းအနားကို တက်ခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ဂုဏ်ယူပါတယ်။ ကျွန်မ အဘိုးက အာဇာနည်ခေါင်းဆောင်ဆိုတာ ရအောင်လုပ်တာ မဟုတ်ဘူး။ သူ့ရဲ့ပင်ကိုစိတ်က တိုင်းပြည်အတွက် အလုပ်လုပ်ရင်းနဲ့ အာဇာနည်ဖြစ်တာ၊ အာဇာနည်ဖြစ်ခဲ့တာ ဂုဏ်ယူပါတယ်။ အဖေက ကိုယ်လုပ်တဲ့ အလုပ်တိုင်းမှာ အဘိုးလို တိုင်းချစ်ပြည်ချစ်စိတ်နဲ့ လုပ်ဖို့ အမြဲမှာကြားခဲ့ပါတယ်။ ကျွန်မလည်း နိုင်ငံအတွက် ကျရာအခန်းကဏ္ဍက လုပ်ခဲ့ပါတယ်။ တိုင်းပြည်ကိုချစ်တဲ့စိတ်၊ နိုင်ငံချစ်တဲ့စိတ်နဲ့ပါပဲ။ ကျွန်မအဘိုးက ချစ်ခြင်းမေတ္တာကို တည်ဆောက်ခဲ့တယ်။ မိသားစုကလည်း ချစ်ခြင်းမေတ္တာနဲ့ တည်ဆောက်ခဲ့ပါတယ်။ အားလုံး ချစ်ခြင်းမေတ္တာနဲ့ အရာရာတည်ဆောက်ရင် အကောင်းဆုံးပါ။

**မန်းဘခိုင်၏သမီး ဒေါ်မြင့်မြင့်ခိုင်**

ကျွန်မဖခင် မန်းဘခိုင်က ကရင်ဗမာ ချစ်ကြည်ရေးအတွက် အများကြီး လုပ်ဆောင်ခဲ့တဲ့ ကရင် အမျိုးသား ခေါင်းဆောင်ကြီးတစ်ယောက် ဖြစ်ပါတယ်။ ဖခင် ဆုံးရှုံးရတဲ့အတွက် ကျွန်မတို့နိုင်ငံအတွက် အများကြီးဆုံးရှုံးခဲ့တယ်လို့ပဲ ခံစားရတယ်။ အာဇာနည်ခေါင်းဆောင်ကြီးရဲ့ မိသားစုဖြစ်တဲ့အတွက် ဂုဏ်ယူမိပါတယ်။ နိုင်ငံ့တာဝန်ကိုလည်း ထမ်းဆောင်ခဲ့တာ ၄၂ နှစ် ရှိပါတယ်။ တာဝန်ထမ်းဆောင်ပြီး အငြိမ်းစားယူခဲ့တာပါ။ အခုလည်း လက်ရှိပါဝင်လို့ရတဲ့နေရာတွေမှာ တာဝန်ထမ်းဆောင်ဆဲဖြစ်ပါတယ်။ ကျွန်မ ဖခင်လိုမျိုး လူမျိုးရေးစိတ်ဓာတ်၊ ချစ်ကြည်ရေး စိတ်ဓာတ်တွေ အပြည့်ရှိအောင် ဝိုင်းဝန်းကြိုးစားရင်းနဲ့ နိုင်ငံတော်အေးချမ်းသာယာအောင် လုပ်ဆောင်ကြပါလို့ တိုက်တွန်းစကား ပြောကြားလိုပါတယ်။

**မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်း၏သား စဝ်ကိုင်ဖ**

ဒီလို အခမ်းအနားကို နှစ်စဉ်နှစ်တိုင်း ကျင်းပပေးတာ အများကြီးကျေးဇူးတင်ပါတယ်။ မဖြစ်မနေ တက်ဖြစ်အောင် တက်ခဲ့ပါတယ်။ ဒီနေ့အခြေအနေက ကျန်းမာရေး မကောင်းတဲ့အတွက် ဝှီးချဲနဲ့ လာခဲ့ရတာပါ။

**ဦးရာဇတ်၏သား ဦးလှကြည်**

အာဇာနည်တွေရဲ့ အကြောင်းကို မျိုးဆက်သစ် လူငယ်တွေအတွက်က ကျောင်းတွေက ဆရာ ဆရာမတွေ ပြောရင် ပိုပြည့်စုံပါတယ်။ ဆရာမတွေ ကိုယ်တိုင်က ခံစားရမယ်။ နားလည်ရမယ်။ သူတို့ကတစ်ဆင့် ကျောင်းသား ကျောင်းသူတွေကို ပြန်ပြောပေးတာ ပိုကောင်းပါတယ်။ အာဇာနည်ကြီးတွေရဲ့ သားသမီးဖြစ်တဲ့အတွက် ငယ်ငယ်က ကျောင်းသားဘဝက သိပ်မသိဘူး။ အတန်းကြီးလာတော့ ဆရာ ဆရာမတွေ၊ ဝန်ထမ်းအချင်းချင်းက စပြီး လေးလေးစားစား ဆက်ဆံတဲ့အတွက် ပီတိဖြစ်မိပါတယ်။ သမ္မတကြီး မန်းဝင်းမောင်လက်ထက်ကျမှ နိုင်ငံတော်စျာပနဆိုပြီး မိသားစုဖိတ်တယ်။ သူတို့ ကိုယ်တိုင် ဂါရဝပြုပါတယ်။ အလေးပြုတယ်၊ ဝမ်းသာတယ်၊ ကျေးဇူးတင်တာပေါ့။

**ဦးအုန်းမောင်၏သား ဒေါက်တာမင်းမြင့်**

နှစ်တိုင်းတက်ရောက် ဂါရဝပြုနေကျပါ။ နိုင်ငံတော်ကလည်း ကျကျနန နှစ်စဉ် အကုန်လုပ်ပေးတယ်။ ဆရာ့အမေက မဆုံးခင်ကတည်းက မှာသွားတယ်။ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနဲ့ အာဇာနည်ခေါင်းဆောင်တွေ ဆရာ့ အဖေအပါအဝင် ရယူပေးသွားတဲ့ လွတ်လပ်ရေးအတွက် ကျေးဇူးတင် ဂုဏ်ပြုတဲ့အနေနဲ့ ဆရာတို့ ကျန်းမာသရွေ့ အာဇာနည်နေ့ကို တက်ရောက်ဖို့လိုတယ်ဆိုပြီး။ အာဇာနည်နေ့ဆိုတာ နိုင်ငံတော်က ကျင်းပတဲ့ အခမ်းအနားဖြစ်တဲ့အတွက် ဘယ်သူက ဦးဆောင်ဆောင် ဆရာတို့က ကျန်းမာရေးကောင်းရင်တက်ဖို့ အဆင်သင့်ပါ။

ဆရာ့အဖေက တစ်ချိန်က နိုင်ငံခြားက ICS အောင်လာတော့ တိုင်းမင်းကြီးအနေနဲ့ မြစ်ကြီးနားမှာ လုပ်ခဲ့တယ်။ ဗိုလ်ချုပ်က သိတယ်။ အဖေ့ကို ပြန်ခေါ်တယ်၊ အတွင်းဝန်ဆိုပြီး ဗိုလ်ချုပ်က အားကိုးတယ်၊ ပင်လုံညီလာခံကို အခြေခံပြီး ဗိုလ်ချုပ်အောင်ဆန်းက အင်္ဂလန်ကို သွားပြီး ဗြိတိသျှဝန်ကြီးချုပ်ကို ရအောင် ပြောခဲ့တယ်။ အောင်ဆန်း-အက်တလီ စာချုပ် ချုပ်ဆိုပြီး လုပ်ကြံခံရတော့ ဝန်ကြီးချုပ် ဦးနုက ဆက်ပြီး အကောင်အထည်ဖော်တယ်။ အဲဒါကြောင့် နု-အက်တလီစာချုပ် ဖြစ်လာတယ်။ နောက်ဆုံး လွတ်လပ်ရေးရခဲ့တယ်။ အချုပ်ပြောရရင် ဗိုလ်ချုပ်အောင်ဆန်းရဲ့ လက်ရုံးရည် နှလုံးရည်ပြောင်မြောက်မှု၊ သတ္တိရှိမှုတို့ကို နောင်လာနောက်သား လူငယ်တွေ အတုခိုးပြီး အဲဒီလိုကြိုးစားဖို့ လိုအပ်တယ်လို့ ပြောချင်ပါတယ်။

**ရဲဘော်ကိုထွေး၏တူ ဒုတိယဗိုလ်မှူးကြီး(ငြိမ်း) အောင်ကိုကို**

(၇၆)နှစ်မြောက် အာဇာနည်နေ့မှာ အဘအနေနဲ့ လွန်ခဲ့တဲ့ ၇၆ နှစ်ကကျဆုံးသွားကြတဲ့ အာဇာနည်ကိုးဦး အပါအဝင် အဲဒီအချိန်က နိုင်ငံ့ခေါင်းဆောင်ကြီးတွေ အမျိုးသားခေါင်းဆောင်ကြီးတွေကို နှမြောတသလွမ်းဆွတ်မိပါတယ်။ ဘာကြောင့်လဲဆိုတော့ ဒီအမျိုးသားခေါင်းဆောင်ကြီးတွေက အဲဒီအချိန်က တာဝန်ကြီးသုံးခုကို ထမ်းဆောင်ခဲ့ကြတယ်။ ပထမတာဝန်က မြန်မာနိုင်ငံ လွတ်လပ်ရေးနဲ့ အချုပ်အခြာအာဏာရရှိရေးဆိုတဲ့ တာဝန်၊ ဒုတိယတာဝန်က တိုင်းရင်းသားစည်းလုံးညီညွတ်မှုရရှိရေးဆိုတဲ့တာဝန်၊ နောက် တတိယတာဝန်က မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးတဲ့အချိန်မှာ ဖွံ့ဖြိုးတိုးတက်စည်ပင်ရေးဆိုတဲ့ တာဝန်တွေ အဲဒီအချိန်က လုပ်လို့တော့ မရသေးဘူး။ ဒါပေမယ့် စီမံကိန်းတွေချပြီးတော့ လုပ်ခဲ့ကြတယ်။ အဲဒီတာဝန်သုံးခု ထမ်းဆောင်နိုင်တုန်းမှာ မမျှော်လင့်ဘဲ ကျဆုံးသွားကြတယ်။

*စာမျက်နှာ ၉ သို့*

ဗိုလ်ချုပ်အောင်ဆန်း၏သား
ဦးအောင်ဆန်းဦး

သခင်မြ၏သား
ဦးရဲမြင့်အောင်

ဒီးဒုတ်ဦးဘချို၏မြေး
ဦးသန့်ဇင်ချို

မန်းဘခိုင်၏မြေး
နန့်စိုးစိုးခိုင်

မန်းဘခိုင်၏သမီး
ဒေါ်မြင့်မြင့်ခိုင်

မိုင်းပွန်စော်ဘွားကြီးစဝ်စံထွန်း၏သား
စဝ်ကိုင်ဖ

ဦးရာဇတ်၏သား
ဦးလှကြည်

ဦးအုန်းမောင်၏သား
ဒေါက်တာမင်းမြင့်

ရဲဘော်ကိုထွေး၏တူ
ဒုတိယဗိုလ်မှူးကြီး(ငြိမ်း) အောင်ကိုကို

# အာဇာနည်နေ့တွင် ရန်ကုန်မြို့ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ ရဟန်းရှင်လူပြည်သူနှင့် ကျောင်းသား ကျောင်းသူများ လာရောက်လေ့လာ

**ရန်ကုန် ဇူလိုင် ၁၉**

၂၀၂၂ ခုနှစ် ဇူလိုင် ၁၉ ရက်တွင် ကျရောက်သည့် (၇၆)နှစ်မြောက် အာဇာနည်နေ့၌ ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်သို့ ရဟန်းရှင်လူပြည်သူနှင့် ကျောင်းသား ကျောင်းသူ ဦးရေ ၃၀၀၀ ကျော် လာရောက်လေ့လာကြသည်။ **(ယာပုံ)**

**ဖွင့်လှစ်ပြသ**

မြန်မာ့လွတ်လပ်ရေး ဖခင် ဗိုလ်ချုပ်အောင်ဆန်း နေထိုင်ခဲ့သော နေအိမ်ပြတိုက်ကို ယနေ့မှ ဇူလိုင် ၂၁ ရက်အထိ နံနက် ၇ နာရီမှ ညနေ ၅ နာရီ အထိ အထူးပြပွဲအဖြစ် သုံးရက်တာ ဖွင့်လှစ်ပြသမည်ဖြစ်ပြီး ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အား တနင်္လာနေ့နှင့် နေ့ထူးနေ့မြတ် ပိတ်ရက်တို့မှအပ ကျန်နေ့ရက်တို့၌ နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီခွဲအထိ ဖွင့်လှစ်ပြသလျက်ရှိသည်။

ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်) မှ ဦးစီးအရာရှိ ဒေါ်ညိုညိုယဉ်မောက်က "ဒီနေ့ (၇၆) နှစ်မြောက် အာဇာနည်နေ့မှာ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကို အထူးပြပွဲအနေနဲ့ ခင်းကျင်းပြသထားပါတယ်။ ပြတိုက်မှာ ကြည့်ရှုလေ့လာဖို့ လမ်းကြောင်းပြထားပါတယ်။ ပထမဆုံး ပြတိုက်ဝင်းတံခါးအဝင်မှာ ဗိုလ်ချုပ်စီးတဲ့ ကားပြကွက်ကို အရင်တွေ့ရမှာပါ။ ပြတိုက်အတက်လမ်းမှာ ဘုတ်ပြား ၁၈ ချပ်နဲ့ ဗိုလ်ချုပ်ရဲ့ သမိုင်းဝင်မှတ်တမ်း အချက်အလက်များနဲ့ ဓာတ်ပုံတွေကို ပြသထားပါတယ်။ ပြတိုက်ကိုတက်လာပြီးရင် ပြတိုက်ရဲ့အဝိုင်းထိပ် လေသာဆောင်မှာ ပက်လက်ကုလားထိုင်နဲ့ စာဖတ်အနားယူနေတဲ့ ဆီလီကွန် ဗိုလ်ချုပ်ရုပ်တုပုံကို တွေ့ရမှာပါ။ ဗိုလ်ချုပ် ဖတ်ခဲ့တဲ့စာအုပ်၊ ဗိုလ်ချုပ်နာမည်ပါတဲ့ မီးခြစ်နဲ့ ဆေးလိပ်၊ ပြာခွက်၊ ဆေးလိပ်ဘူးကို ပြသထားပါတယ်။ အဲဒီကနေ ပြတိုက်ထဲကို ဝင်ရင် ဗိုလ်ချုပ်မိသားစု ထမင်းစားခန်းမှာ အသုံးပြုခဲ့တဲ့ ပရိဘောဂများကိုတွေ့ရမှာပါ။ အဲဒီအခန်းမှာ ဗိုလ်ချုပ်ရဲ့ ငယ်ဘဝ၊ တက္ကသိုလ်ကျောင်းသားဘဝ၊ နိုင်ငံရေးဘဝ၊ တပ်မတော် ခေါင်းဆောင်ဘဝနဲ့ နိုင်ငံခေါင်းဆောင်ဘဝ ဖြစ်စဉ်တွေကို ဘုတ်ပြားငါးချပ်နဲ့ ပြသထားပါတယ်။ ထမင်းစားခန်းကို လေ့လာပြီးရင် မိသားစုဘဝ၊ ဗိုလ်ချုပ်ရဲ့ ဘဝဖြစ်စဉ် အကျဉ်းချုပ်ကို မြန်မာ/အင်္ဂလိပ် နှစ်ဘာသာနဲ့ ရေးထိုးထားတဲ့ ဘုတ်ပြားနှစ်ချပ်ကို ပြသထားပါတယ်။ ပြတိုက်အပြင်လျှောက်လမ်းမှာ ဗိုလ်ချုပ်အောင်ဆန်းပြတိုက် (ရန်ကုန်)ရဲ့ သမိုင်းအကျဉ်းကို မြန်မာ/အင်္ဂလိပ်နှစ်ဘာသာနဲ့ ပြသထားပြီးတော့ ပြတိုက်ခေါင်းရင်းကနေ အတွင်းကို ပြန်ဝင်တဲ့အခါမှာ ဧည့်ခန်းထဲမှာ ဗိုလ်ချုပ်မိသားစု အသုံးပြုခဲ့တဲ့ ဆက်တီ၊ ပရိဘောဂ ပစ္စည်းတွေနဲ့ အိန္ဒိယနိုင်ငံ ခေါင်းဆောင်ကြီး ဂျဝါ ဟာလ်လာ မစ္စတာနေရူး လက်ဆောင်ပေးခဲ့တဲ့ ကုတ်အင်္ကျီ၊ ဗိုလ်ချုပ်နားထောင်ခဲ့တဲ့ ရေဒီယို၊ ၁၉၆၄- ၆၅ ခုနှစ်မှာ ပန်းချီဆရာကြီး ဦးငွေကိုင်ရေးဆွဲခဲ့တဲ့ "အိမ်နောက်ဖေးဈေးဆိုင်တည်" လို့ အမည်ပေးထားတဲ့ ဗိုလ်ချုပ်စိုက်ပျိုးရေးလုပ်နေတဲ့ ဆီဆေးပန်းချီကား၊ ဗိုလ်ချုပ်မိသားစုဓာတ်ပုံ၊ ဗိုလ်ချုပ်ကိုယ်တစ်ပိုင်း ရုပ်တု၊ ပန်းချီကား၊ ဗိုလ်ချုပ်တို့မိသားစု ဧည့်ခန်းက ဓာတ်ပုံနဲ့ ဗိုလ်ချုပ်ရှူးဖိနပ်စီးရင်ထိုင်ခဲ့တဲ့ ကုလားထိုင်တို့ကို ပြသထားပါတယ်" ဟု ရှင်းလင်းပြောကြားသည်။

ပြတိုက် အပေါ်ထပ်တွင် ဗိုလ်ချုပ်တို့ဇနီးမောင်နှံအိပ်ခန်း၌ ခုတင်၊ မှန်တင်ခုံ၊ သစ်သားဗီရို၊ ဗိုလ်ချုပ် အသုံးအဆောင်ပစ္စည်းများထားရှိပြီး ထိုအခန်းခေါင်းရင်း၌ ကြောင်လိမ်လှေကားဖြင့် တက်ရသည့် တတိယထပ် တာဝါတွင်ရှိသော ဘုရားခန်းအတွင်း ဗိုလ်ချုပ်မိသားစု ပူဇော်ခဲ့သည့် ဒက္ခိဏသာခါ ဆင်းတုတော်နှင့် ကျောင်းဆောင်ပုံကို ဗိုလ်ချုပ် အိပ်ခန်းခေါင်းရင်းတွင် ဘုတ်ပြားပေါ်၌ ဓာတ်ပုံ/စာသားတို့ဖြင့် ပြသထားသည်။ ဗိုလ်ချုပ်အိပ်ခန်း နံရံတွင် ဗိုလ်ချုပ်ပုံတူပိုးပန်းချီ၊ ဇနီးမောင်နှံပုံ၊ ဘေးတစ်ဖက်ရှိ စာဖတ်ခန်းတို့ကို ပြသထားပြီး ကလေးများ အိပ်ခန်း၌ ခုတင်သုံးလုံး၊ အဝတ်ထည့်ဗီရို၊ မှန်တင်ခုံ၊ မောင်အောင်ဆန်းလင်း၏ ဓာတ်ပုံနှင့် လက်ရေးမူ စာအုပ်များ၊ ဖတ်စာအုပ်များ၊ ကစားစရာများနှင့်အတူ ၁၉၅၃ ခုနှစ် ဇန်နဝါရီ ၁၆ ရက်တွင် ဆုံးပါးခဲ့သည့် မောင်အောင်ဆန်းလင်း၏ ထိုနံနက်ပိုင်းက အက်ဆေးပုံစံ အင်္ဂလိပ်ဘာသာဖြင့် ရေနစ်သူတစ်ယောက်အား ကယ်ဆယ်သည့် နည်းလမ်းများ ကိုယ်တိုင်ရေးသားထားသည့် လက်ရေးမူရင်းစာသားများကိုလည်း ပြသထားသည်။

**အများပြည်သူလေ့လာနိုင်**

ထိုအိပ်ခန်းတွင် မိသားစုပုံများ၊ ဗိုလ်ချုပ်မိခင်နှင့် မိသားစုပုံ၊ ဒစ်ဂျစ်တယ် ပြကွက်များဖြစ်သည့် ဗိုလ်ချုပ်၏ ဓာတ်ပုံမှတ်တမ်း၊ မိန့်ခွန်းနှင့် သမိုင်းကြောင်းတို့ကို မြန်မာ/အင်္ဂလိပ် နှစ်ဘာသာဖြင့် ပြသထားသည်။ ကလေးအိပ်ခန်းအနီးတွင် အထူးအစည်းအဝေးခန်း၌ ဆက်တီတစ်စုံနှင့် နံရံတွင် ဗိုလ်ချုပ်မိန့်ခွန်းများ ကောက်နုတ်ချက်တို့ကို မြန်မာ/အင်္ဂလိပ် နှစ်ဘာသာဖြင့် ပြသထားပြီး ကလေးအိပ်ခန်း အနောက်ဘက်တံခါးရှိ စကြံလမ်းမှ ပြတိုက်အောက်သို့ ပြန်ဆင်းပါက ခြံဝင်းစိုက်ခင်းပြကွက်၌ သီးပင်စားပင်စိုက်ပျိုးနေသည့် ဗိုလ်ချုပ် ရုပ်တုပုံကို ပြသထားသည်။ ရေကန်အနီး ပြတိုက်ဝင်းအထွက်လမ်း၌ ဗီနိုင်းဘုတ်ပြား ၁၄ ချပ်ဖြင့် အာဇာနည်ခေါင်းဆောင်တို့၏ ဓာတ်ပုံများ၊ ဗိုလ်ချုပ်၏သမိုင်းကြောင်းဆိုင်ရာများနှင့် ဓာတ်ပုံများ၊ ပြတိုက်၊ ပုဂံနှင့် မြန်မာနိုင်ငံ၏ ရှုခင်းအလှတို့ကို VR Systen ဖြင့် အများပြည်သူလေ့လာနိုင်ရန် ပြသထားသည်။

"ဗိုလ်ချုပ်ပြတိုက်မှာ လာရောက် လေ့လာသူတွေအတွက် ကိုဗစ်-၁၉ စည်းကမ်းချက်များနဲ့အညီ ဆောင်ရွက်ထားပါတယ်။ ကျန်းမာရေး စောင့်ရှောက်မှုအနေနဲ့လည်း မြို့နယ်ကျန်းမာရေးအဖွဲ့၊ မြို့တော်စည်ပင်သာယာ ကျန်းမာရေးအဖွဲ့၊ မြန်မာနိုင်ငံ ကြက်ခြေနီအဖွဲ့တွေ အပြည့်အစုံရှိပါတယ်။ လာရောက်ကြည့်ရှုသူတွေ အဆင်ပြေအောင် ပြတိုက်တာဝန်ရှိသူတွေနဲ့ ဌာနဆိုင်ရာတွေ ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးထားပါတယ်" ဟု ဒေါ်ညိုညိုယဉ်မောက်က ပြောကြားသည်။

**စည်ကားများပြား**

ယနေ့ အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း ပြတိုက် (ရန်ကုန်) အား ယခင်နှစ်တို့ထက် အထူးပြပွဲရက်နှင့် အစီအစဉ်များကို တိုးမြှင့်ပြသထားပြီး ပြတိုက်အင်္ဂါနှင့်အညီ ပြင်ဆင်ဆောင်ရွက်ထားရာ ကြည့်ရှုလေ့လာသူတို့ဖြင့် စည်ကားများပြားခဲ့သည်။

**သတင်းစဉ်**

ဗိုလ်ချုပ်အောင်ဆန်းပြတိုက်အတွင်း ပြည်သူများ လာရောက်ကြည့်ရှုလေ့လာကြစဉ်။

*စာမျက်နှာ ၈ မှ*

ဒါပေမယ့် လွတ်လပ်ရေးရရှိပြီး အချိန်မှာလည်း ခေတ်အဆက်ဆက် အစိုးရအသီးသီးက ဒီလုပ်ငန်းတာဝန်သုံးရပ်ကိုဆက်ပြီး ဆောင်ရွက်ခဲ့ကြတယ်။ ကိုယ့်နည်းကိုယ်ဟန် ကိုယ့်မူဝါဒနဲ့ပေါ့။ ဒါပေမယ့် ဝမ်းနည်းစရာကောင်းတာက ၇၆ နှစ်ကြာတဲ့အချိန်မှာ တွေ့ကြုံနေရတာက ဒီတာဝန်ကြီးသုံးရပ်၊ အရေးအရာကြီး သုံးရပ်ကို နှောင့်ယှက်ဖျက်ဆီးနေတဲ့သူတွေ ရှိနေတာ တွေ့ရတဲ့အတွက် ဝမ်းနည်းစရာပါ။ ဗိုလ်ချုပ်ဆိုရင် လူငယ်ပါပဲ၊ ကျဆုံးချိန်မှာ ၃၂ နှစ်ပဲ၊ ရဲဘော် ကိုထွေးဆိုလည်း ၁၈ နှစ် မပြည့်သေးဘူး။ သူတို့လူငယ်တွေက နိုင်ငံအတွက် ကြိုးကြိုးစားစား လုပ်ဆောင်ခဲ့ကြတယ်။ ဗိုလ်ချုပ်ဆိုရင် နိုင်ငံအတွက် လုပ်ခဲ့တာ နည်းတာမဟုတ်ဘူး။ လူငယ်တွေဆိုပေမယ့် ကြိုးစားပမ်းစားလုပ်ခဲ့ကြတယ်။ အခုတာဝန်ကြီး သုံးရပ်ကို ဆန့်ကျင်ဖီလာတဲ့ စိတ်ထားတွေနဲ့ လူငယ်တွေ လုပ်နေကြတယ်။ အဲဒီလိုလုပ်တဲ့အတွက် များစွာစိတ်မကောင်းဖြစ်မိပါတယ်။ လူငယ်ဘဝမှာ နိုင်ငံကောင်းဖို့အတွက် ကြိုးစားအားထုတ်နေတဲ့ လူတွေဖြစ်ပါစေ၊ ပြည်ပကနေ အိုးမဲသုတ်နေတာကိုသိပြီး နိုင်ငံ တိုးတက်ရေးအတွက် ညီညီညွတ်ညွတ်လုပ်ဆောင်ကြပါလို့ ပြောချင်ပါတယ်။

**သတင်းစဉ်**

ရခိုင်ပြည်နယ် အမ်းခရိုင် အမ်းမြို့နယ် စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး အထက်တန်းကျောင်းမှ စိုက်ပျိုးရေး အထက်တန်းကျောင်းသား ကျောင်းသူများ ဇူလိုင် ၁၈ ရက်က အောက်ရွာကျေးရွာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော မိုးစပါးစံပြစိုက်ခင်း၌ တိုက်ရိုက်စပါးမျိုးစေ့ချကိရိယာ Drum Seeder ဖြင့် စိုက်ပျိုးဆောင်ရွက်နေမှုနှင့် မိုးစပါးစိုက်ပျိုးဆောင်ရွက်နေမှုများကို လက်တွေ့ကွင်းဆင်းလေ့လာကြစဉ်။

စိုးမင်းထွန်း (ပြန်/ဆက်)

*❍ ကျောဖုံးမှ*

ပုံမှန်ခြေစွမ်း ပြသထားနိုင်ပြီး ပြီးခဲ့သည့်ရာသီ ပြိုင်ပွဲစုံ ၅၆ ပွဲတွင် ဂိုး ၃၀ သွင်းယူပေးထားနိုင်သည်။

၎င်းသည် ၂၀၁၆ ခုနှစ်တွင် မန်ယူအသင်းနှင့် ပွဲဦးထွက်ကစားပြီးနောက် အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၃၅၉ ပွဲ ပါဝင်ကစားထားကာ ၁၂၃ ဂိုး သွင်းယူပေးထားသည်။ ထို့အပြင် ရက်ဖို့ဒ်သည် ပြီးခဲ့သည့်ရာသီက မန်ယူအသင်းကို ချန်ပီယံလိဂ်ဝင်ခွင့်ရရှိအောင် ကူညီ ပေးထားနိုင်သည့်အပြင် နယူးကာဆယ်အသင်းကို အနိုင်ရရှိခဲ့သော ကာရာဘောင်ဖလားဗိုလ်လုပွဲတွင်လည်း အသင်းအတွက် သွင်းဂိုးရယူပေးထားနိုင်သူဖြစ်သည်။

**အောင်ဇော်**

**ဇီဝမျိုးစုံ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့**

# မြောက်ဦးခရိုင်အတွင်း ပြန်လည်ထူထောင်ရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

## မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ခဲ့သည့် တောင်သူများအတွက် အချိန်မီစိုက်ပျိုးထွန်ယက်နိုင်ရန် လယ်ထွန်စက်များ ဖြန့်ဝေပေးထားပြီးဖြစ်

**စစ်တွေ ဇူလိုင် ၁၉**

ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ၊ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းသည် ဒုတိယဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၁၈ ရက် နံနက်ပိုင်းက မြောက်ဦးခရိုင်အတွင်း ပြန်လည်ထူထောင်ရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေး လုပ်ငန်းများ ပိုမိုတိုးချဲ့ဆောင်ရွက်နိုင်ရန်အတွက် ကွင်းဆင်းပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြောက်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မြောက်ဦးခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။ တွေ့ဆုံပွဲတွင် မြောက်ဦးမြို့နယ် ပြန်လည်ထူထောင်ရေးတာဝန်ခံ ဗိုလ်ချုပ်သောင်းထိုက်ရွှေက ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများအပေါ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကယ်ဆယ်ရေးပစ္စည်းများ စနစ်တကျဖြန့်ဝေထားရှိမှုနှင့် မျိုးစပါးနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များ ဖြန့်ဝေထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တွေ့ဆုံပွဲသို့ တက်ရောက်လာကြသည့် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းရှင်များက လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် တိုးချဲ့မွေးမြူစိုက်ပျိုးနိုင်ရေး လိုအပ်ချက်များကို တင်ပြကြရာ ဒုတိယဝန်ကြီးများက ရခိုင်ပြည်နယ်အတွင်း မိမိတို့ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ပေးနေမှုများနှင့် ပတ်သက်၍ ပြန်လည်ရှင်းလင်းပြောကြားကြသည်။

### ကူညီထောက်ပံ့ပေးသွားမည်

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းက မြောက်ဦးခရိုင်သည် ရေခံမြေခံကောင်းပြီး စိုက်ပျိုးမွေးမြူရေးလုပ်ကိုင်ရန် အလွန်ကောင်းသောဒေသတစ်ခုဖြစ်ကြောင်း၊ စိုက်ပျိုးရေးတောင်သူများအနေဖြင့် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ပြောင်းလဲတိုးတက်လာသည်ကို တွေ့ရ၍ များစွာဝမ်းသာမိပါကြောင်း၊ နိုင်ငံတော်အကြီးအကဲကလည်း မုန်တိုင်းကာလပြီးနောက် ရခိုင်ပြည်နယ်အား ယခင်အခြေအနေထက် သာလွန်ကောင်းမွန်အောင် လုပ်ဆောင်သွားရန် လမ်းညွှန်မှာကြားထားပြီး လိုအပ်သည့် ကူညီထောက်ပံ့မှုများ များစွာဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့ ရခိုင်ပြည်နယ်သည် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အဓိကထားဆောင်ရွက်နေသည့် ပြည်နယ်တစ်ခုဖြစ်ကြောင်း၊ အဓိကအားဖြင့် စားရေရိက္ခာဖူလုံရေးသည် အဓိကဖြစ်ကြောင်း၊ မိမိတို့အစိုးရအဖွဲ့အနေဖြင့် လိုအပ်သည့် ကူညီထောက်ပံ့မှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့် စိုက်ပျိုးရာသီတွင် အချိန်မီ စိုက်ပျိုးထွန်ယက်ပြီးစီးနိုင်ရေး ကြိုးစားလုပ်ဆောင်ပေးကြစေလိုကြောင်း၊ မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ခဲ့သည့် တောင်သူများအတွက် မြောက်ဦးမြို့နယ်တွင် အချိန်မီစိုက်ပျိုးထွန်ယက်နိုင်ရန် လယ်ထွန်စက်များကို ဖြန့်ဝေပေးထားပြီးဖြစ်ကြောင်း၊ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့များနှင့် ဌာဆိုင်ရာများကလည်း မြေပြင်ကွင်းဆင်းပြီး ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးရေး၊ ဒေသခံပြည်သူများ၏ လိုအပ်ချက်များ၊ လိုအပ်သည့်နည်းပညာများကို ပံ့ပိုးဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း၊ တောင်သူများအတွက် လိုအပ်သည့် နည်းပညာများ၊ စိုက်ပျိုးရေး နည်းစနစ်များကို အသိပညာပေး ဆွေးနွေးပေးကြရမည်ဖြစ်ကြောင်း၊ တောင်သူများအနေဖြင့်လည်း စနစ်တကျ နည်းစနစ်ကောင်းကောင်းဖြင့် စိုက်ပျိုးကြရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်မှလည်း မုန်တိုင်းအလွန်ကာလတွင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် အထွက်နှုန်းကောင်းသည့် မျိုးကောင်းမျိုးသန့်များကို ပေးပို့ထားပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကား ပြောကြားခဲ့ကြသည်။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း မြောက်ဦးမြို့နယ်၌ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးစဉ်။

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း ပုဏ္ဏားကျွန်းမြို့နယ်၌ နိုင်ငံတော်မှ ထောက်ပံ့ပေးအပ်သော မျိုးစပါး (GW–11) ၁၀ ဧကစိုက်ပျိုးရန် ပျိုးခင်းများ ပျိုးထောင်စိုက်ပျိုးထားရှိမှုကို ကြည့်ရှုအားပေးစဉ်။

### စားသောက်ဖွယ်ရာများ ထောက်ပံ့

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မြောက်ဦးမြို့နယ် တိမ်ညိုရွာမဘုန်းတော်ကြီးကျောင်းရှိ ပရဟိတလူငယ်ဖွံ့ဖြိုးရေးဂေဟာသို့ သွားရောက်၍ ကျောင်းထိုင်ဆရာတော်ကြီးအား ဖူးမြော်ကာ မုန်တိုင်းဒဏ်ကြောင့်ထိခိုက်ပျက်စီးခဲ့သည့် သာသနိကအဆောက်အဦများ ပြုပြင်ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများအား လျှောက်ထားပြီး ဆန်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများ၊ ကျောင်းတိုက်အတွင်း ဓမ္မာရုံ ပြန်လည်ပြုပြင်ရန်အတွက် သွပ်နှင့် သစ်များကို ဆက်ကပ်လှူဒါန်းခဲ့ကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တိန်ညိုရွာသစ် ဘုန်းတော်ကြီးကျောင်း၌ ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များက ကွင်းဆင်း၍ ကျန်းမာရေးအသိပညာပေး ဟောပြောခြင်းနှင့် ကွင်းဆင်းဆေးကုသခြင်း၊ ပန်းခင်းစီမံချက် (အဆင့်–၂) ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဒေသခံပြည်သူများအတွက် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောက်တော်မြို့နယ်ရှိ မဟာမုနိဘုရားကြီးအား သွားရောက်ဖူးမြော်ကြကာ ဆွမ်း၊ ပန်း၊ ရေချမ်းများ ကပ်လှူပူဇော်ကြပြီး ဘုရားကြီးသိမ်တော် ဘက်စုံပြုပြင်နိုင်ရန် အလှူငွေများပေးအပ်လှူဒါန်းကြသည်။

နေ့လယ်ပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောက်တော်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ မြို့မိ မြို့ဖများ၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ကြသည်။ တွေ့ဆုံပွဲတွင် ကျောက်တော်မြို့နယ် ပြန်လည်ထူထောင်ရေးတာဝန်ခံ ဗိုလ်မှူးချုပ်အောင်သူဦးက ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများအပေါ် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ကယ်ဆယ်ရေးပစ္စည်းများ စနစ်တကျ ဖြန့်ဝေထားရှိမှုနှင့် မျိုးစပါးနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များ ဖြန့်ဝေထားရှိမှုနှင့် ကျောက်တော်မြို့ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

### ပေါင်းစပ်ညှိနှိုင်းပေး

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က မုန်တိုင်းတိုက်ခတ်ပြီးနောက် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်နေမှု၊ မိုးစပါးများ အချိန်မီစိုက်ပျိုးနိုင်ရန်အတွက် လယ်ထွန်စက်များ ဖြန့်ဝေပေးထားမှု၊ အထွက်နှုန်းကောင်းသည့် မျိုးစပါးများ ဖြန့်ဝေပေးထားမှု၊ ဟင်းသီးဟင်းရွက်မျိုးစေ့များ ဖြန့်ဝေပေးထားမှု၊ မျိုးကောင်းမျိုးသန့်များ ဖြန့်ဝေပေးထားသည့်အတွက် ယခင်နှစ်များထက် အထွက်နှုန်းကောင်းအောင် စနစ်တကျစိုက်ပျိုးနိုင်ရေးနှင့် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ရေး ရှင်းလင်းဆွေးနွေးပြောကြားပြီး ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် မုန်တိုင်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စိုက်ပျိုးရေးသိပ္ပံ (ကျောက်တော်) ရှိ ကျောင်းဆောင်များ ပြန်လည်ပြုပြင်ပြီးစီးနေမှုနှင့် ပြုပြင်နေမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးကြရာ ကျောင်းအုပ်ဆရာကြီးက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေနှင့် ကျောင်းအတွက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။ တင်ပြချက်များအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်းပေးပြီး ကျောင်းသား ကျောင်းသူများအတွက် ဆန်နှင့် ဆီများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောက်တော်မြို့နယ် ပုဏ္ဏားကျေးရွာ၌ စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါးစံပြကွက်ဧက ၂၀ စိုက်ပျိုးနေမှုကို သွားရောက်ကြည့်ရှု အားပေးကြပြီး အပေါက်ဝကျေးရွာ၌ တစ်ဧကအထွက်နှုန်းတင်း ၁၀၀ အထက် ထွက်ရှိရေး ပေါင်ပျိုးစံပြခင်းများအား သွားရောက်ကြည့်ရှုအားပေးကြကာ ဒေသခံတောင်သူများနှင့် တွေ့ဆုံကြသည်။ ထိုသို့တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးများက စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ကြရန်နှင့် အထွက်နှုန်းကောင်းသည့် မျိုးစပါးများအား စနစ်တကျ စိုက်ပျိုးကြရန် မှာကြားပြီး တောင်သူများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကြသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောက်တော်မြို့နယ် ယိုးချောင်းတံတား ပေ ၄၂၀ အား အသစ်တည်ဆောက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးကြသည်။

ညနေပိုင်းတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ် ကွန်းတောင်ကျေးရွာ၌ တောင်သူဦးဘညွန့်မောင်၏ လယ်ဧက ၁ ဒသမ ၅၀ ဧကတွင် မိုခါမုန်တိုင်းသင့် တောင်သူများအား နိုင်ငံတော်မှ ထောက်ပံ့ပေးအပ်သော မျိုးစပါး (GW–11) ၁၀ ဧကစိုက်ပျိုးရန် ပျိုးခင်းများ ပျိုးထောင်စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုအားပေးကြရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးက ပုဏ္ဏားကျွန်းမြို့နယ်အတွင်း အထွက်နှုန်းကောင်းသည့် မျိုးစပါးများ ဖြန့်ဝေထားရှိမှုနှင့် ထွန်ယက်စိုက်ပျိုးနေမှုတို့ကို ရှင်းလင်းတင်ပြသည်။ တင်ပြချက်များအပေါ် ပြည်နယ်ဦးစီးမှူးနှင့် ဒုတိယဝန်ကြီးတို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် တောင်သူများနှင့် တွေ့ဆုံ၍ အထွက်နှုန်းကောင်းသည့် မျိုးစပါးများကို စနစ်တကျ စိုက်ပျိုးကြရန်နှင့် လိုအပ်သည့်နည်းပညာများအား စိုက်ပျိုးရေးဦးစီးဌာနနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားပြီး တောင်သူများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**တင်ထွန်း(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်းမိုခါတိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၉**

ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

**လယ်မြေ ၈၅ ဧက စုပေါင်းထွန်ယက်**

ထိုသို့ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ နန်းရာကုန်းကျေးရွာရှိ လယ်မြေ ၈၅ ဧကအတွင်း စုပေါင်းထွန်ယက်ပွဲနှင့် အကျိုးဆောင် တောင်သူများဖြင့် မျိုးစပါး မျိုးစေ့ ထုတ်စိုက်ခင်း ဆောင်ရွက်ရန် ပျိုးထောင်ထားရှိသည့် ပျိုးခင်းများကို ယူရီးယားမြေဩဇာနှင့် စူပါဘိုကာရှိ မြေဆွေးရောစပ်၍ စုပေါင်းကြဲပက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးပြီး **(ယာပုံ)** စူပါဘိုကာရှိ မြေဆွေးလက်တွေ့ပြုလုပ်ပြသနေမှုကို ကြည့်ရှုအားပေးကာ တောင်သူများအား သဘာဝဓာတ်မြေဩဇာပြုလုပ်ရာ၌ အသုံးပြုသည့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ပြုလုပ်ထားသော အသင့်သုံး EM ဖျော်ရည်ဘူးများပေးအပ်၍ လိုအပ်သည်များ မှာကြားသည်။

အလားတူ ရသေ့တောင်မြို့၌ ရောက်ရှိနေသော ဗိုလ်ချုပ် အောင်မျိုးထွန်းသည်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခန်းမ၌ ပြုလုပ်သည့် (၇၆)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲသို့ တက်ရောက်၍ သံဃာတော်များအား ဝါဆိုသင်္ကန်းများ ဆက်ကပ်လှူဒါန်းကြသည်။

**မျိုးစပါးများ စိုက်ပျိုးရန် ပျိုးထောင်ထားရှိမှုကြည့်ရှု**

ထို့အတူ စစ်တွေမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် အောင်ကျော်မိုးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ သိန်းတန်ကျေးရွာရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံ၍ မုန်တိုင်းအလွန် ပြန်လည်ထူထောင်ရေး၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ယင်းနောက် ပျားလည်ချောင်းကျေးရွာ၌ ထောက်ပံ့ပေးအပ်ထားသော GW – 11 မျိုးစပါးများကို ကောက်စိုက်စက်များဖြင့် စိုက်ပျိုးရန် ပျိုးထောင်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

အလားတူ မောင်တောမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ် တင်ဆွေသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး၌ ပြုလုပ်သော ခရိုင်/ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှုတိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်အမှာစကား ပြောကြားပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။ ထို့နောက် ရွှေဇားကပ္ပကောင်းကျေးရွာအုပ်စု ကွင်းအမှတ်(၉၆/ ဃ) ကညင်ချောင်းကွင်းရှိ တောင်သူ ၂၂ ဦး၏မိုးစပါး ဆင်းသွယ်လတ်စိုက်ဧက ၂၅ ဧကတွင် စပါးများ ပျိုးထောင်ထားရှိမှုနှင့် မြေပြုပြင်ထွန်ယက်နေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး **(ဝဲပုံ)** လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဆိုင်ကလုန်းမုန်တိုင်းမိုခါတိုက်ခတ်မှုကြောင့် သဘာဝဘေးဒဏ်သင့်ဒေသများရှိ ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများအား တပ်မတော်(လေ)မှ လေယာဉ်/ရဟတ်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်

**နေပြည်တော် ဇူလိုင် ၁၉**

တပ်မတော် (လေ) အနေဖြင့် သဘာဝဘေးဒဏ်သင့် ဒေသများသို့ တပ်မတော်(ကြည်း၊ ရေ၊ လေ) မိသားစုများ၊ စေတနာရှင်အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့်ပစ္စည်းများကို တပ်မတော်လေယာဉ်၊ ရဟတ်ယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် ကျန်းမာရေးဝန်ကြီးဌာနကပေးပို့သည့် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများနှင့် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများက လှူဒါန်းသည့် အိမ်ထောင်ပရိဘောဂ ပစ္စည်း ၁ ဒသမ ၃ တန်ကို ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော်(လေ)မှ လေယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့သည်။

သဘာဝဘေးဒဏ်သင့် ဒေသများရှိ ပြည်သူများအတွက် ကယ်ဆယ်ရေး ပစ္စည်းများကို တပ်မတော်(လေ)မှ လေယာဉ်/ရဟတ်ယာဉ်များဖြင့် အချိန်နှင့်တစ်ပြေးညီ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့အချိန်ထိ ထောက်ပံ့ရေး ပစ္စည်း ၅၇၇ တန်၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ကူညီ ဆောင်ရွက်ပေးကြမည့် တပ်မတော်သားများနှင့် ဌာနဆိုင်ရာ ဝန်ထမ်း ၃၅၈၈ ဦးတို့ကို ပို့ဆောင် ပေးနိုင်ခဲ့ကြောင်းနှင့် လေဆိပ်များသို့ ရောက်ရှိသည့် ကယ်ဆယ်ရေး ပစ္စည်းများကို မုန်တိုင်းဒဏ်သင့် ဒေသများသို့ ရဟတ်ယာဉ်များဖြင့် ဆက်လက်ပေးပို့ဖြန့်ဖြူးလျက်ရှိကြောင်းနှင့် အဆိုပါ တပ်မတော်လေယာဉ်/ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသော ပစ္စည်းများကို တာဝန်ရှိသူများက လက်ခံရယူပေးကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ဘူးသီးတောင်မြို့တို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များ၊ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ဈေးနှုန်းသက်သာစွာဖြင့် ဆက်လက်ရောင်းချ

**နေပြည်တော် ဇူလိုင် ၁၉**

ဆိုင်ကလုန်းမုန်တိုင်းမိုခါတိုက်ခတ်မှုကြောင့် မုန်တိုင်းဒဏ်သင့်ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့အလိုရှိရာ စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက နေ့စဉ်ရောင်းချပေးလျက်ရှိသည်။

ယနေ့တွင်လည်း စစ်တွေမြို့ ဦးဥတ္တမပန်းခြံနှင့် ဘူးသီးတောင်မြို့ ဦးဥတ္တမခန်းမရှေ့တို့၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများနှင့် မြန်မာစီးပွားရေးကော်ပိုရေးရှင်းတို့မှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကစ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန်အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန်များ၊ မြန်မာ့စီးပွားရေး ဦးပိုင်အများနှင့် သက်ဆိုင်သော ကုမ္ပဏီလီမိတက် အရောင်းဆိုင်များ၏ စားကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများနှင့် အိမ်ဆောက်ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာသော ဈေးနှုန်းများဖြင့် ဆက်လက်ရောင်းချပေးလျက်ရှိသည်။

ထိုသို့ ရောင်းချပေးလျက်ရှိရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက တစ်ခဲနက် ဝယ်ယူအားပေးကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲ ဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင်ကျေးဇူးတင်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# (၇၆)နှစ်မြောက် အာဇာနည်နေ့၌ နတ်မောက်မြို့ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်သို့ လာရောက်လေ့လာသူများပြား

နတ်မောက် ဇူလိုင် ၁၉

**မကွေးတိုင်းဒေသကြီး နတ်မောက်မြို့ ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်ကို ယနေ့နံနက် ၇ နာရီ အချိန်မှ စတင်ဖွင့်လှစ်ပြသခဲ့ရာ အနယ်နယ်အရပ်ရပ်က ပြည်သူများ လာရောက်ကြည့်ရှုသူ များပြားကြောင်း သိရသည်။**

နတ်မောက်မြို့၌ (၇၆)နှစ်မြောက် အာဇာနည်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်ရှိ ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်ပုံစံငယ် (ရန်ကုန်မြို့) ဗိုလ်ချုပ်အောင်ဆန်း၏ မှတ်တမ်းဓာတ်ပုံများ၊ ဆောင်းပါးများ၊ အာဇာနည်ကိုးဦး၏ အတ္ထုပ္ပတ္တိနှင့် ဓာတ်ပုံများ၊ ၁၉၁၅ မှ ၁၉၄၇ ခုနှစ်အထိ ဗိုလ်ချုပ်အောင်ဆန်း၏ တက္ကသိုလ်ကျောင်းသားဘဝ၊ နိုင်ငံရေးလောကဘဝ၊ တပ်မတော်ခေါင်းဆောင်ဘဝ၊ မိသားစုဘဝ၊ နိုင်ငံ့ခေါင်းဆောင်ဘဝ စသည့် အကြောင်းအရာများကို ပြသထားခဲ့ရာ အနယ်နယ်အရပ်ရပ်ရှိ ပြည်သူများ လာရောက်လေ့လာကြည့်ရှုကြသည်။

ပြတိုက်သို့ လာရောက်လေ့လာသူများအား ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန မကွေးဌာနခွဲ တာဝန်ခံ ဒုတိယ ညွှန်ကြားရေးမှူး ဒေါ်ညိုညိုသန်းနှင့်ဝန်ထမ်းများ၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ ကြီးကြပ်မှုဖြင့် သက်ဆိုင်ရာဌာနများမှ လူဝင်လူထွက်များကို လုံခြုံရေးအရ ကြီးကြပ် ဆောင်ရွက်ပေးခြင်း၊ လာရောက်ကြည့်ရှုသည့် ဧည့်သည်တော်များအား ကျန်းမာရေး စစ်ဆေးပေးခြင်းနှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသား ပြတိုက်ဦးစီးဌာန မကွေးတိုင်းဒေသကြီးမှ ထုတ်ဝေသည့် နတ်မောက်မြို့ ဗိုလ်ချုပ် အောင်ဆန်းနေအိမ် ပြတိုက် လက်ကမ်း စာစောင်များကို ပြည်သူများအား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **လှဝင်း**

ဗိုလ်ချုပ်အောင်ဆန်း နေအိမ်ပြတိုက်ရှိ ပြခန်းများအား လေ့လာကြသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

# မူဆယ်(၁၀၅)မိုင် ကြက်ခြေနီအသင်း (၇၆)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကျင်းပ

**မူဆယ် ဇူလိုင် ၁၉**

မြန်မာနိုင်ငံကြက်ခြေနီအသင်း ရှမ်းပြည်နယ်(မြောက်ပိုင်း)ပြည်နယ် ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဦးဆောင်သည့် ကြက်ခြေနီတပ်ဖွဲ့ဝင်များသည် ဇူလိုင် ၁၉ ရက်တွင် ကျရောက်သည့် (၇၆) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကို မူဆယ်မြို့နယ် မိုင်းယု (၁၀၅) မိုင် ကြက်ခြေနီအသင်းရုံးရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် မိုင်းယု(၁၀၅)မိုင်ကြက်ခြေနီ စေတနာ့လုပ်အားရှင်များက မိမိတို့ရုံးရှေ့ စစ်ရေးပြကွင်းသို့ လွှမ်းသူ့ပန်းခွေများ သယ်ဆောင်ခြင်း၊ နိုင်ငံတော်အလံ တိုင်ဝက်လွှင့်ထူခြင်း၊ အလေးပြုခြင်း၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုခြင်းများ ပြုလုပ်ပြီး(**အပေါ်ယာပုံ**) မူဆယ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအယ်လ်စိုးထန်တူးနှင့် တပ်ခွဲမှူး ဒေါက်တာဦးသန့်ဇင်တို့က အာဇာနည်နေ့ ဖြစ်ပေါ်လာပုံ သမိုင်းကြောင်း၊ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိရန်အတွက် ဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ကိုယ်ကျိုးစွန့် အနစ်နာခံကြိုးစားပုံများ၊ နယ်ချဲ့လက်ပါးစေများ လုပ်ကြံသတ်ဖြတ်ခြင်းခံရသည့် အာဇာနည်ကိုးဦး၏ အတ္ထုပ္ပတ္တိများနှင့် အာဇာနည်စိတ်ဓာတ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသည့် ၁၀ နာရီ ၃၇ မိနစ်တွင် ၁၀၅ မိုင် နယ်မြေအတွင်းရှိ မီးသတ်စခန်းမှ မီးသတ်ယာဉ်များဖြင့် ဥဩဆွဲအချက်ပေးကာ အခမ်းအနားတက်ရောက်သူများ၊ ခရီးသွားပြည်သူများနှင့်မော်တော်ယာဉ်များ၊ ရပ်တန့်ငြိမ်သက်ပေးခြင်းဖြင့် အာဇာနည်ခေါင်းဆောင်ကြီးများအား ဂါရဝပြုကြသည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်ကြသူများအား ကြက်ခြေနီအဖွဲ့က ပဲပြုတ်၊ နံပြားနှင့် လက်ဖက်ရည်တို့ဖြင့် ကျွေးမွေးဧည့်ခံခဲ့ကြောင်း သိရသည်။

**သန့်ဇင်(မြန်မာ့အလင်း)**

# (၇၆)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် ဟောပြောပွဲ၊ ပြပွဲပြိုင်ပွဲများ ကျင်းပ

**ဟိုပန်**

"ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်း၍ ဇူလိုင် ၁၈ ရက်က (၇၆)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် မူလတန်းကြိုအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲကို လူထုအခြေပြုဇဟိုဌာနခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဇင်ဇင်သန့်က ပြိုင်ပွဲကျင်းပရသည့် ရည်ရွယ်ချက်ကို ပြောကြားကာ လူမှုဝန်ထမ်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဘောမ်ယိမ်းက ပြိုင်ပွဲစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မူလတန်းကြိုကလေးငယ်များက "တို့ဗိုလ်ချုပ်"၊ "ဂုဏ်ပြုကြစို့"၊"ဇူလိုင် ၁၉" စသည့် ကဗျာများဖြင့် ရွတ်ဆိုယှဉ်ပြိုင်ခဲ့ကြသည်။ ထို့နောက် ပြိုင်ပွဲဝင်ကြသည့် ကလေးငယ်များနှင့် ဆုရရှိသည့် ကလေးငယ်ခုနစ်ဦးတို့အား ဆုများနှင့် မေတ္တာလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

**ကာမိုင်း**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ကာမိုင်းမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ (၇၆)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် စာအုပ်စာစောင်ပြပွဲ၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် ဟောပြောပွဲကို ဇူလိုင် ၁၉ ရက်က လူထုအခြေပြုဇဟိုဌာနခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့ဦးစီးမှူးတာဝန်ခံ ဒေါ်ရွှေဇင်ဦးက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ပုဂ္ဂိုလ်ကြီးများ၏ လွတ်လပ်ရေးကြိုးပမ်းမှုဆောင်ရွက်ချက်များနှင့် အာဇာနည်နေ့ ဖြစ်ပေါ်လာပုံနှင့် အာဇာနည်ပုဂ္ဂိုလ်များ၏ အတ္ထုပ္ပတ္တိများကို ရှင်းလင်းပြောကြားသည်။ ယင်းနောက် ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကျင်းပရာ အခြေခံပညာအထက်တန်း ကျောင်းသားကျောင်းသူ ၂၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရရှိသူများကို ဆုများချီးမြှင့်ပေးအပ်သည်။ ထို့နောက် ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို ကျောင်းသား ကျောင်းသူများက လေ့လာဖတ်ရှုကြကြောင်း သိရသည်။ **လဆိုင်း(ပြန်/ဆက်)**

# ဒဂုံတက္ကသိုလ်၌ (၇၆)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် သီချင်း၊ ကဗျာရွတ်ဆိုပွဲနှင့် ဟောပြောပွဲကျင်းပ

**ရန်ကုန် ဇူလိုင် ၁၉**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ဒဂုံတက္ကသိုလ်တွင် (၇၆)နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် သီချင်း၊ ကဗျာရွတ်ဆိုပွဲနှင့် ဟောပြောပွဲကို အဆိုပါ တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမတွင် ယမန်နေ့နံနက် ၁၀ နာရီက ကျင်းပသည်။

ရှေးဦးစွာ အလေးပြုပါသည် သီချင်းနှင့် အခမ်းအနားကို ဖွင့်လှစ်ပြီး ဒဂုံတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာသာထွန်းမောင်က အာဇာနည်နေ့ ပေါ်ပေါက်လာရခြင်းနှင့် အာဇာနည်နေ့နှင့် သက်ဆိုင်သော သမိုင်းအကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကျောင်းသားကျောင်းသူများက အာဇာနည်နေ့နှင့် သက်ဆိုင်သော သီချင်းနှင့် ကဗျာများကို ရွတ်ဆိုကြပြီး မြန်မာစာဌာန (ပါမောက္ခ၊ ဌာနမှူး) ဒေါက်တာနွယ်နွယ်အေးက အာဇာနည်တို့၏ ဂုဏ်ရည်ခေါင်းစဉ်ဖြင့် ဟောပြောသည်။

ဆက်လက်၍(၇၆) နှစ်မြောက် အာဇာနည်နေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာနှင့် ဆောင်းပါး ပြိုင်ပွဲတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများကို ဒုတိယပါမောက္ခချုပ်များက ဆုများ ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းအိမွန်(ပြန်/ဆက်)**

**ရောဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် (၇၆) နှစ်မြောက် အာဇာနည်နေ့ ဝမ်းနည်းခြင်းအထိမ်းအမှတ်အဖြစ် နိုင်ငံတော်အလံကို တိုင်ဝက်လွှင့်ထူခြင်းနှင့် ခေါင်းဆောင်ကြီးများ ကျဆုံးခဲ့သည့်အချိန်တွင် ဥဩဆွဲအလေးပြုခြင်း၊ သွားလာနေသော ယာဉ်များ ဟွန်းတီးရပ်တန့်ခြင်းများ ဆောင်ရွက်မှုကို တွေ့ရစဉ်။**

ခရိုင်(ပြန်/ဆက်)

# အေသင်မြို့အနီး တောမီးများ ဆက်လက်လောင်ကျွမ်းလျက်ရှိ

**အေသင် ဇူလိုင် ၁၉**

အေသင်မြို့အနောက်မြောက်ဘက် ၃၀ ကီလိုမီတာအကွာရှိ ဒါဗန်နိုကလိုရီရာတွင် ဇူလိုင် ၁၈ ရက်က ဒုတိယနေ့အဖြစ် တောမီးများ ဆက်လက်လောင်ကျွမ်းလျက်ရှိပြီး ရာနှင့်ချီသည့် ဂရိမီးသတ်သမားများသည် မီးငြိမ်းသတ်နိုင်ရေး ကြိုးပမ်းလျက်ရှိသည်။

တောမီးကြောင့် လူသေဆုံးမှုမရှိသော်လည်း ခြောက်ဦးကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ တောမီးငြိမ်းသတ်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် ပြင်သစ်နှင့်အီတလီတို့မှ မီးငြိမ်းသတ်လေယာဉ်နှစ်စင်းစီရရှိရန် မျှော်မှန်းထားသည်။ ဇူလိုင် ၁၇ ရက်မှစတင်ကာ ဒါဗန်နိုကလိုရီရာတွင် တောမီးစတင်လောင်ခဲ့ခြင်းဖြစ်သည်။

တောမီးမှာ တောင်ဘက်သို့ ရွေ့လျားလောင်ကျွမ်းခဲ့ပြီး အေသင်မြို့ဆင်ခြေဖုံး မန်ဒရာအနီးချဉ်းကပ်လာခဲ့သည်။ လာမည့်ရက်များအတွင်း ရာသီဥတုအခြေအနေမှာ ဆိုးရွားနေဦးမည်ဖြစ်ပြီး အခြားဒေသများတွင်လည်း တောမီးဆက်လက်လောင်ကျွမ်းဖွယ်ရှိသည်ဟု မီးသတ်ဌာနမှ ပြောရေးဆိုခွင့်ရှိသူ ဗာသရာကိုဂျန်းနစ်က ပြောသည်။

**ဆင်ဟွာ**

# ယခုနှစ် ပထမနှစ်ဝက်အတွင်း ဂျပန်နိုင်ငံသို့ နိုင်ငံခြားခရီးသွားဝင်ရောက်မှု ၁၀ သန်းကျော်ရှိ

**တိုကျို ဇူလိုင် ၁၉**

ဂျပန်နိုင်ငံသို့ နိုင်ငံခြားခရီးသွားဝင်ရောက်မှု အရေအတွက်သည် ယခုနှစ် ပထမနှစ်ဝက်အတွင်း ၁၀ သန်းကျော်ရှိကြောင်း အစိုးရ၏ ခန့်မှန်းတွက်ချက်မှုအရ သိရသည်။

အဆိုပါ အရေအတွက်သည် ကိုဗစ်-၁၉ ကပ်ရောဂါမဖြစ်ပွားမီကာလက အနေအထားသို့ ပထမဆုံးအကြိမ် ပြန်လည်ရောက်ရှိလာခြင်း ဖြစ်သည်။ ဇွန်လအထိ ခြောက်လအတွင်း ဂျပန်နိုင်ငံသို့ ခရီးသွားဝင်ရောက်မှုမှာ ၁၀ ဒသမ ၇ သန်းခန့်ရှိကြောင်း ဂျပန်အမျိုးသား ခရီးသွားလုပ်ငန်းအဖွဲ့က ခန့်မှန်းတွက်ချက်ထားသည်။

ဂျပန်အစိုးရသည် ပြီးခဲ့သည့် ဆောင်းဦးရာသီ ကတည်းက ပြည်ဝင်ခွင့် ကန့်သတ်ချက်များကို ဖြေလျှော့ပေးခဲ့သည်။ ဂျပန်နိုင်ငံသို့ ဝင်ရောက်လာသော နိုင်ငံခြားခရီးသွားများအနက် တောင်ကိုရီးယားနိုင်ငံက ၃ ဒသမ ၁ သန်းကျော်ဖြင့် အများဆုံးဖြစ်သည်။

ထို့နောက်တွင် အမေရိကန်နိုင်ငံမှ ခရီးသွား ၉၇၀၀၀၀ ခန့် ဝင်ရောက်မှုရှိကြောင်းနှင့် တရုတ်နိုင်ငံမှ ခရီးသွားဝင်ရောက်မှုမှာလည်း တိုးလာကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# စီးပွားရေးလုပ်ငန်းများအတွက် တီထွင်ထုတ်လုပ်နိုင်စွမ်းရှိသည့် အေအိုင်စနစ်ကို မက်တာ အခမဲ့ဖြန့်ဝေ

နယူးယောက် ဇူလိုင် ၁၉

**ဖေ့ဘွတ်ခ်၏ မိခင်ကုမ္ပဏီဖြစ်သည့် မက်တာသည် ၎င်း၏ ဉာဏ်ရည်တုစနစ်ဗားရှင်းအသစ်ကို အခမဲ့ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။ အဆိုပါ လုပ်ဆောင်ချက်က တီထွင်ထုတ်လုပ်နိုင်စွမ်းရှိသော အေအိုင်နယ်ပယ်တွင် ၎င်း၏ နည်းပညာပြိုင်ဘက်ကြီးများအတွက် ပြိုင်ဆိုင်မှု ပြင်းထန်လာစေမည်ဖြစ်သည်။**

မက်တာသည် နောက်ဆုံးထွက်ဗားရှင်း Llama 2 ကို ဖြန့်ချိမှုစတင်လိုက်ကြောင်း ဇူလိုင် ၁၈ ရက်တွင် ထုတ်ပြန်ကြေညာခဲ့သည်။ အဆိုပါကုမ္ပဏီသည် ၎င်းစနစ်၏ ယခင်အမျိုးအစားကို သုတေသနနှင့် ပညာရေးနယ်ပယ်များအတွက် ရည်ရွယ်ကာ ယခုနှစ်အစောပိုင်းတွင် စတင်ခဲ့သည်။ ယခုဗားရှင်းအသစ်သည် စီးပွားရေးလုပ်ငန်းနယ်ပယ်အပါအဝင် ပိုမိုကျယ်ပြန့်စွာ သုံးစွဲခွင့်ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

Llama 2 သည် open source ဖြစ်သည့်အတွက် သုံးစွဲသူများအနေဖြင့် ပြုပြင်ပြောင်းလဲနိုင်မှု၊ တိုးတက်ကောင်းမွန်အောင် မွမ်းမံပြင်ဆင်မှုနှင့် ဆန်းသစ်တီထွင်မှုများကို ပြုလုပ်နိုင်မည်ဖြစ်ကြောင်း မက်တာက ပြောသည်။ ၎င်းကို မိုက်ခရိုဆော့ဖ်၏ အဇူရီကလောက်ဒ် ဝန်ဆောင်မှုနှင့် အခြားသော နည်းလမ်းများမှတစ်ဆင့် ဖြန့်ဝေသွားမည်ဖြစ်သည်။

အမေရိကန်အခြေစိုက် အိုးပင်းအေအိုင်၊ ChatGPT တီထွင်ထုတ်လုပ်သူ၊ ဂူးဂဲလ်နှင့် အမေဇုန်တို့သည် စနစ်သစ်များနှင့် ဝန်ဆောင်မှုအသစ်များကို တီထွင်ကြံဆရန် လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**အင်န်အိတ်ချ်ကေ**

# ဂျပန်နိုင်ငံ၌ အပူလျှပ်ခြင်းကြောင့် သုံးဦးသေဆုံးပြီး ဆေးရုံပို့ဆောင်သူအရေအတွက် နှစ်ဆမြင့်တက်

**တိုကျို ဇူလိုင် ၁၉**

အပူလှိုင်းဖြတ်သန်းချိန်၌ အပူလျှပ်ခြင်းကြောင့် အပတ်စဉ်ဆေးရုံသို့ ပို့ဆောင်ခဲ့သူဦးရေသည် လွန်ခဲ့သော သီတင်းပတ်ထက် နှစ်ဆမြင့်တက်လာခဲ့ကြောင်း ဂျပန်မီးဘေးနှင့်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အေဂျင်စီက ပြောကြားခဲ့သည်။

တနင်္ဂနွေနေ့အထိ တစ်ပတ်အတွင်း ဆေးရုံသို့ပို့ဆောင်ခဲ့သူ ၈၁၈၉ ဦးရှိကြောင်း အေဂျင်စီက ပြောသည်။ အပူလျှပ်သူ အရေအတွက်သည် လွန်ခဲ့သော နှစ် အလားတူကာလထက် နှစ်ဆမြင့်တက်ခဲ့ကြောင်း အဆိုပါ အေဂျင်စီက ဆက်လက်ပြောကြားသည်။

ယခု သီတင်းပတ်အတွင်း နေ့အပူချိန်သည် ဂျပန်နိုင်ငံ၏ ဒေသအတော်များများတွင် ၃၉ ဒီဂရီ ဆဲလ်စီးယပ်အထိ ရောက်ရှိခဲ့သည်။

အပူလျှပ်ခြင်းကြောင့် သုံးဦးသေဆုံးခဲ့သည်။ အပူလျှပ်ခံရသူ စုစုပေါင်း၏ ထက်ဝက်ကျော်သည် အသက် ၆၅ နှစ်သို့မဟုတ် ၎င်းထက်အသက်ပိုကြီးသူများဖြစ်ကြသည်။

ခရိုင်အလိုက် ပြောရမည်ဆိုလျှင် တိုကျိုသည် အပူလျှပ်သူ ၁၀၆၆ ဦးနှင့် အမြင့်ဆုံးဖြစ်ပြီး အဆိုပါပမာဏသည် လွန်ခဲ့သည့်နှစ်အစောပိုင်းကာလနှင့် နှိုင်းယှဉ်လျှင် ၄ ဒသမ ၆ ဆပိုများသည်။ နေရာဒေသလိုက် ပြည်သူ ၃၂၁၅ ဦးသည် မိမိတို့နေအိမ်တွင် အပူလျှပ်ခြင်းကို ခံစားခဲ့ရသည်။ ၁၄၄၅ ဦးမှာ သွားရင်းလာရင်း အပူလျှပ်ခြင်းကို ခံစားခဲ့ရသည်။ လာမည့် သီတင်းပတ်များတွင် ဂျပန်နိုင်ငံ ဒေသအတော်များများ၌ အပူချိန်မြင့်တက်မှုများ ဆက်လက် ဖြစ်ပေါ်နေဦးမည်ဖြစ်သည်။

**ဆင်ဟွာ**

# ယူကေ၏ တရားမဝင်ရွှေ့ပြောင်းနေထိုင်သူများ ဥပဒေကြမ်း ဥပဒေအဖြစ် အသက်ဝင်လာတော့မည်

**လန်ဒန် ဇူလိုင် ၁၉**

အင်္ဂလိပ်ရေလက်ကြားမှ သင်္ဘောဖြင့်ဖြစ်စေ၊ အခြားသောတရားမဝင်နည်းလမ်းဖြင့်ဖြစ်စေ ဝင်ရောက်လာသည့် ရွှေ့ပြောင်းနေထိုင်သူများကို ခိုလှုံခွင့်တောင်းခံခြင်းမှ တားမြစ်သွားမည့် ဥပဒေကို ဗြိတိန်မှ တရားဝင်ပြဋ္ဌာန်းတော့မည်ဖြစ်သည်။

တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများ ဥပဒေကြမ်းကို ပါလီမန်တွင် ဇူလိုင် ၁၇ ရက်က အတည်ပြုခဲ့ပြီး ယခုအခါ တော်ဝင်ဆန္ဒခံယူရန် အတည်ပြုသွားမည်ဖြစ်သည်။

အဆိုပါဥပဒေအရ တရားမဝင်ဝင်ရောက်လာသည့် ရွှေ့ပြောင်းနေထိုင်သူများကို ဒုက္ခသည်များအဖြစ် ခိုလှုံခွင့်တောင်းခံခြင်းကို အစိုးရက ငြင်းဆိုပိုင်ခွင့်ရှိသွားမည်ဖြစ်သည်။

ထို့ပြင် ၎င်းတို့ကို ထိန်းသိမ်းထားခြင်း သို့မဟုတ် နေရပ်သို့ ပြန်ပို့ခြင်းတို့ လုပ်ဆောင်နိုင်မည်ဖြစ်သည်။ အဆိုပါဥပဒေသည် အင်္ဂလိပ်ရေလက်ကြားကို ဖြတ်ကာ သင်္ဘောငယ်များဖြင့်ဝင်ရောက်လာသည့် တရားမဝင် ရွှေ့ပြောင်းနေထိုင်သူများကို ရပ်တန့်ပေးမည်ဟူသော ဝန်ကြီးချုပ် ရစ်ရှီဆူနက်ကတိကဝတ်၏ အဓိကသော့ချက်လည်းဖြစ်သည်။

သို့သော်လည်း လူ့အခွင့်အရေးအုပ်စုများက ချက်ချင်းဆိုသလို ရှုတ်ချကြသည်။ ၂၀၂၂ ခုနှစ်အတွင်း ခိုလှုံခွင့်တောင်းခံသူပေါင်း ၄၅၀၀၀ ကျော်အထိရှိသည်ဟု ဗြိတိန်အစိုးရက ပြောသည်။ အဆိုပါ အရေအတွက်မှာ ငါးနှစ်တာကာလအတွင်း အများဆုံးအရေအတွက်လည်း ဖြစ်သည်။

ဝန်ကြီးချုပ် ဆူနက်၏ အစိုးရအဖွဲ့သည် ရဝမ်ဒါမှ ရောက်ရှိလာသူများကို ပြည်နှင်ဒဏ်ပေးလိုသော်လည်း ဥပဒေရေးရာအရ စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရသည်။

**အင်န်အိတ်ချ်ကေ**

# တတိယအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှုလုပ်ငန်း ဒုတိယနေ့ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၉

**တပ်မတော်တွင် တတိယအကြိမ် အသည်းအစားထိုးခွဲစိတ်ကုသမှု ဒုတိယနေ့ကို ယနေ့တွင် မင်္ဂလာဒုံမြို့နယ်ရှိ အမှတ်(၁)တပ်မတော် ဆေးရုံကြီး(ခုတင် ၁၀၀၀) အထူးကုသမှုစင်တာ၌ ဆက်လက်ပြုလုပ်သည်။**

အဆိုပါ အသည်းအစားထိုး ခွဲစိတ်ကုသမှုတွင် လူနာ ဒေါ်ညိုပြာလွင်နှင့် သမီးဖြစ်သူ အသည်းအလှူရှင် မညိုရဝေထူးတို့ကို ခွဲစိတ်ကုသခဲ့ခြင်း ဖြစ်သည်။

အသည်းအစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်ရာတွင် အသည်းအလှူရှင် လူနာထံမှ အသည်းထုတ်ယူခြင်းကို နံနက် ၁၀ နာရီခွဲတွင် စတင်ခဲ့ပြီး ထုတ်ယူရရှိသောအသည်းကို ညနေ ၅ နာရီခန့်တွင် အသည်းလက်ခံလူနာထံသို့ အစားထိုးခွဲစိတ်ကုသခြင်း ဆောင်ရွက်ခဲ့ကာ စုစုပေါင်းခွဲစိတ်ချိန် ၁၁ နာရီခန့် ကြာမြင့်ခဲ့သည်။ အသည်းအလှူရှင်လူနာနှင့် အသည်းလက်ခံလူနာများ၏ ခွဲစိတ်ပြီးနောက်ပိုင်း ကျန်းမာရေးအခြေအနေမှာ ကောင်းမွန်လျက်ရှိပြီး အထူးကြပ်မတ်ကုသခန်း၌ လိုအပ်သော ပြုစုကုသမှုများကို သက်ဆိုင်ရာပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြု/ ကျွမ်းကျင်သူများက ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါ အသည်းအစားထိုး ခွဲစိတ်ကုသမှုကို တပ်မတော်ဆေးရုံကြီးများမှ တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မိုးသည်းထန်စွာရွာသွန်းပြီး ရေဝင်မှုများဖြစ်ပေါ်ခဲ့သည့် နေရာများ၌ လိုအပ်သည့်ကူညီကယ်ဆယ်ရေး လုပ်ငန်းများဆောင်ရွက်၊ ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

**နေပြည်တော် ဇူလိုင် ၁၉**

မွန်ပြည်နယ် မုဒုံမြို့နယ်နှင့် မော်လမြိုင်မြို့နယ်တို့၌ ဇူလိုင် ၁၈ ရက်နှင့် ယနေ့တို့တွင် မိုးအဆက်မပြတ် ရွာသွန်းပြီး တောင်ကျရေ ကျဆင်းမှုများကြောင့် မုဒုံမြို့နယ် မြို့မ(၄) ရပ်ကွက်အတွင်း ရေဝင်မှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါရပ်ကွက်မှ ရေဘေးသင့်ပြည်သူ အိမ်ထောင်စုဝင် ၂၀ ကို အောင်သိဒ္ဓိကျောင်းတိုက်နှင့် အခြေခံပညာ မူလတန်းကျောင်းသို့ လည်းကောင်း၊ မော်လမြိုင်မြို့ မြေနီမှံ့ပိုင်း ရပ်ကွက်များဖြစ်သည့် သီရိမြိုင် ရပ်ကွက်၊ ဇေယျာမြိုင်ရပ်ကွက်၊ ဈေးကြိုရပ်ကွက်၊ မြေနီကုန်း ရပ်ကွက်၊ သီရိမင်္ဂလာရပ်ကွက်၊ လှိုင်ရပ်ကွက်၊ မြိုင်သာယာ ရပ်ကွက်၊ နောင်ခရီရပ်ကွက်များ အတွင်းသို့ ရေဝင်မှုများကြောင့် အဆိုပါရပ်ကွက်များရှိ ရေဘေးသင့်ပြည်သူ အိမ်ထောင်စုဝင် ၁၃၆၁ စုကို မော်လမြိုင်မြို့ တောင်ဝိုင်းရပ်ကွက် ဓမ္မကာရီဓမ္မာရုံနှင့် မြေအမြင့်ပိုင်းရှိ နေရာများသို့လည်းကောင်း အရှေ့တောင်တိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် နယ်မြေခံ တပ်မတော်သားများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ကူညီပြောင်းရွှေ့ နေရာချထားပေးပြီး လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် စိုးမင်းနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ရေဘေးသင့်ပြည်သူများအား စားသောက်ဖွယ်ရာများနှင့် ထမင်းဘူးများ ထောက်ပံ့ပေးအပ်ကာ ရေဝင်ရောက်ခဲ့သည့် နေရာများကို လိုက်လံကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီးအတွင်း ဇူလိုင် ၁၇ ရက်မှစ၍ မိုးသည်းထန်စွာရွာသွန်းပြီး တောင်ကျချောင်းရေများ အဆက်မပြတ် ကျဆင်းလာမှုကြောင့် ကော့သောင်းခရိုင် ခမောက်ကြီးမြို့နယ် ပါချန်မြစ်ကမ်းဘေးရှိ လုံးဖောကျေးရွာ၊ အေးချမ်းသာကျေးရွာနှင့် ဖော့သုတ်ကျေးရွာများသို့ ရေဝင်မှုများဖြစ်ပေါ်ခဲ့ရာ အဆိုပါကျေးရွာများရှိ ရေဘေးသင့်ပြည်သူများအား သတ်မှတ်နေရာများသို့ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် ကွပ်ကဲမှုအောက် နယ်မြေခံတပ်မတော်သားများက ပြောင်းရွှေ့နေရာချထားပေးပြီး လိုအပ်သည့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# အကြမ်းဖက်သောင်းကျန်းသူများက ရထားလမ်းမိုင်းခွဲဖျက်ဆီးမှုကြောင့် အမြန်လူစီးရထားများ ခရီးစဉ်ကြန့်ကြာမှုဖြစ်ပွားခဲ့

**နေပြည်တော် ဇူလိုင် ၁၉**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန မြန်မာ့မီးရထားအနေဖြင့် နိုင်ငံအနှံ့ရှိ ပြည်သူများ ကုန်ကျစရိတ် သက်သာစွာဖြင့် ခရီးသွားလာမှု၊ ကုန်စည်ပို့ဆောင်မှုများ အဆင်ပြေချောမွေ့စေရေး အတွက် ရည်ရွယ်၍ အမြန်လူစီးရထား ၁၈ စင်း၊ စာပို့ရထား ၁၄ စင်း၊ လူစီးကုန်တင်ရထား ရှစ်စင်း၊ RBE လူစီးနှစ်စင်းနှင့် ရန်ကုန်မြို့ပတ်နှင့်ဆင်ခြေဖုံးရထား ၃၅ စင်း၊ စုစုပေါင်း လူစီးရထား ၇၇ စင်းနှင့် ကုန်ရထားခြောက်စင်းကို နေ့စဉ် စီစဉ်ပြေးဆွဲပေးလျက်ရှိသည်။

ထိုသို့ ခရီးသည်ရထားများ၊ ကုန်ရထားခရီးစဉ်များကို စီစဉ်ဆောင်ရွက်ပေးလျက်ရှိပြီး ရန်ကုန်-မန္တလေးရထားလမ်းပိုင်း၌ အမြန်ရထားလေးစင်း၊ စာပို့ရထားနှစ်စင်း၊ လူစီးကုန်တင်ရထားနှစ်စင်းနှင့် ကုန်ရထားသုံးစင်းတို့ကို နေ့စဉ်ပြေးဆွဲပေးလျက်ရှိရာ ရန်ကုန်မှ ဇူလိုင် ၁၈ ရက် မွန်းလွဲ ၃ နာရီ ၄၅ မိနစ် ခန့်တွင် မန္တလေးသို့ပုံမှန်ထွက်ခွာလာသော အမှတ်(၃)အဆန် လူစီးအမြန်ရထားသည် ည ၉ နာရီ ၁၈ မိနစ်ခန့်တွင် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါး မြို့နယ်အတွင်းရှိ ကျောက်တံခါးဘူတာနှင့် ပဲနွယ်ကုန်းဘူတာအကြား မိုင်တိုင်အမှတ် (၁၀၉/၂၀-၂၁) သို့ အရောက်တွင် ရထားမီးရောင်ဖြင့် သံလမ်းများကွေးနေပြီး ရထားလမ်း ဇလီဖားတုံးများ ထောင်လျက်ဖြစ်နေကြောင်း မြင်တွေ့ရသဖြင့် ရထားကို အချိန်မီရပ်တန့်ခဲ့ပြီး ခရီးသည်များ၏ လုံခြုံရေးအရ ရထားကို ပြန်လည်နောက်ဆုတ်ခဲ့ရာ ည ၁၁ နာရီ ၅၅ မိနစ်ခန့်တွင် ကျောက်တံခါးဘူတာသို့ ရောက်ရှိပြီး လမ်းပိုင်းကို ည ၁၁ နာရီ ၅၆ မိနစ်ခန့်တွင် ယာယီပိတ်ခဲ့သည်။

ဖြစ်စဉ်နေရာသို့ သွားရောက်စစ်ဆေးခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများက ရထားလမ်းတံတားအား မိုင်းထောင်ဖျက်ဆီးထားမှုကြောင့် ရန်ကုန် - မန္တလေး ရထားလမ်းပေါ်ရှိ ပေ ၆၀ ကွန်ကရစ်တံတားအမှတ် ၁၆၁ ပေါ်ရှိ အဆန်လမ်း သံလမ်းနှစ်ဖက်သည် အရှည် ၁၁ မီတာခန့်နှင့် အစုန်လမ်းပေါ်ရှိ အရှည်မီတာ ၅၀ ခန့် သံလမ်းများ ကွေးကောက်ပျက်စီးနေခြင်း၊ ကွန်ကရစ် ဇလီဖားတုံးများ ပျက်စီးခြင်း၊ တံတား၏ ကွန်ကရစ်ကြမ်းခင်း အလျား လေးပေ၊ အနံလေးပေခန့် ပျက်စီးနေသဖြင့် ရထားလမ်းပျက်စီးမှုကို ညတွင်းချင်း ပြန်လည်ပြုပြင်ခဲ့ကာ လမ်းပိုင်းကို ဇူလိုင် ၁၉ ရက် နံနက် ၈ နာရီ ၄၁ မိနစ်တွင် ပြန်လည်ဖွင့်လှစ်ပေးနိုင်ခဲ့သည်။

အဆိုပါ မိုင်းဖြစ်စဉ်ကြောင့် အမှတ်(၃)အဆန် လူစီးအမြန်ရထားသည် ၉ နာရီ ၂၇ မိနစ်၊ အမှတ်(၆)အစုန် လူစီးအမြန်ရထားသည် ၅ နာရီ ၄၅ မိနစ်နှင့် အမှတ်(၄)အစုန်လူစီး အမြန်ရထားသည် ၄ နာရီ ၂၃ မိနစ် နီးစပ်ရာဘူတာများတွင် စောင့်ဆိုင်းကြန့်ကြာခဲ့ရသဖြင့် ရထားစီးခရီးသည် စုစုပေါင်း ၁၅၀၀ ခန့်တို့သည် လမ်းခရီး၌ အခက်အခဲများစွာကြုံတွေ့ခဲ့ရကြောင်း သိရသည်။

အဆိုပါ မိုင်းဖောက်ခွဲမှုဖြစ်စဉ်သည် ပုံမှန်ဖြတ်သန်းသွားလာနေသည့် လူစီးရထားများနှင့် ခရီးသွားပြည်သူများကို ထိခိုက်ပျက်စီးစေရန် ရည်ရွယ်လုပ်ဆောင်ခြင်းသာမကဘဲ ရန်ကုန်-မန္တလေး ရထားလမ်း အဆင့်မြှင့်တင်ရေး အတွက် ဆောင်ရွက်လျက်ရှိသော စီမံကိန်းလုပ်ငန်းများကိုပါထိခိုက်ပျက်စီးရန် ရည်ရွယ်ချက်ရှိရှိ လုပ်ဆောင်ခဲ့ခြင်း ဖြစ်သည်။ ယခုဖြစ်စဉ်တွင် ရထားအား အချိန်မီ မရပ်တန့်နိုင်ခဲ့ပါက ရထားစီး ခရီးသွားပြည်သူများကို ထိခိုက်သေဆုံးနိုင်သဖြင့် ပျက်စီးဆုံးရှုံးမှု ကြီးမားစွာကြုံတွေ့ရနိုင်သည့် စက်ဆုပ်ရွံရှာဖွယ် ကောင်းသော အကြမ်းဖက် လုပ်ရပ်တစ်ခု ဖြစ်သည်။

အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များအနေဖြင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့မှစ၍ ယခုအချိန်အထိ မြန်မာ့မီးရထားလမ်းကွန်ရက် တစ်ခုလုံးတွင် ရထားလမ်းနှင့် ရထားဘူတာနယ်မြေအတွင်း ဗုံးထောင်၊ မိုင်းခွဲဖျက်ဆီးခြင်း ၁၁၂ ကြိမ်၊ ရထားတံတားများအား မိုင်းခွဲဖျက်ဆီးခြင်း ၄၁ ကြိမ်၊ ဘူတာအဆောက်အဦနှင့် ဝန်ထမ်းနေအိမ်များအား မီးရှို့ဖျက်ဆီးခြင်း ၁၂ ကြိမ် ကျူးလွန်ခဲ့ကြပြီးဖြစ်သည်။ အဆိုပါ အကြမ်းဖက် သောင်းကျန်းသူများအား ပြည်သူတစ်ရပ်လုံးက ရွံရှာမုန်းတီးလျက် ပြင်းထန်စွာဆန့်ကျင် ကန့်ကွက်ရှုတ်ချမှုများဖြင့် တုံ့ပြန်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

၁၈.၇.၂၀၂၃ ရက်က အကြမ်းဖက်သောင်းကျန်းသူများ၏ ရက်စက်ကြမ်းကြုတ်စွာ မိုင်းခွဲဖျက်ဆီးမှုကြောင့် ရန်ကုန် - မန္တလေးရထားလမ်း အဆင့်မြှင့်တင်ရေးစီမံကိန်း၏ ဆောင်ရွက်ပြီးစီးနေသည့် ရထားလမ်း ထိခိုက်ပျက်စီးမှုကို တွေ့ရစဉ်။

ရထားလမ်းတံတားအမှတ် (၁၆၁) ကွန်ကရစ်ကြမ်းခင်း Slap အောက်ခံမျက်နှာပြင် ကွာကျထိခိုက်ပျက်စီးမှု အခြေအနေ။

ရထားလမ်းထိခိုက်ပျက်စီးမှုကို အချိန်မီ ပြုပြင်ဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

## ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြား ငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရွန်နစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့်လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay ၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay ၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများ လှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay ၊ AYA Pay၊ OK $ ၊ UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လဲ့လဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၃၉၃ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၃၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀ -၇-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၁၁၅ | ၂၁၆၅ | ၂၁၅၅ | ၂၁၂၀ | ၂၁၆၀ | ၂၁၈၅ | ၂၁၇၀ | ၂၁၄၅ | ၂၂၄၅ | ၂၂၆၀ | ၂၁၅၅ | ၂၁၆၅ | ၂၂၀၀ | ၂၂၀၀ | ၂၂၀၅ | ၂၄၃၀ | ၂၈၂၀ |
| 95 Ron | ၂၂၃၀ | ၂၂၀၀ | ၂၂၇၅ | ၂၂၃၅ | ၂၂၇၅ | ၂၃၀၀ | ၂၂၈၅ | ၂၂၆၀ | ၂၃၆၀ | ၂၃၇၅ | ၂၂၇၀ | ၂၂၈၅ | ၂၃၁၅ | ၂၃၁၅ | ၂၃၁၅ | ၂၅၄၅ | ၂၉၂၀ |
| HSD (500 ppm) | ၂၀၉၅ | ၂၁၄၅ | ၂၁၄၀ | ၂၁၀၀ | ၂၁၄၀ | ၂၁၆၅ | ၂၁၆၀ | ၂၁၂၅ | ၂၂၄၅ | ၂၂၄၀ | ၂၁၃၅ | ၂၁၄၅ | ၂၁၈၀ | ၂၁၈၀ | ၂၁၈၀ | ၂၄၁၀ | ၂၈၂၀ |
| HSD (50 ppm) | ၂၁၇၅ | ၂၂၂၅ | ၂၂၂၀ | ၂၁၈၀ | ၂၂၂၀ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၁၅ | ၂၂၂၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၀ | ၂၄၉၀ | ၂၉၀၀ |
| HSD (10 ppm) | ၂၁၇၅ | ၂၂၂၅ | ၂၂၂၀ | ၂၁၈၀ | ၂၂၂၀ | ၂၂၄၅ | ၂၂၄၀ | ၂၂၀၅ | ၂၃၂၅ | ၂၃၂၀ | ၂၂၁၅ | ၂၂၂၅ | ၂၂၆၀ | ၂၂၆၀ | ၂၂၆၀ | ၂၄၉၀ | ၂၉၀၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၀၀၈ | ၂၀၈၁ |
| 95 Ron | ၂၁၁၈ | ၂၁၉၄ |
| HSD (500 ppm) | ၁၉၉၂ | ၂၀၆၁ |
| HSD (50 ppm) | ၂၀၆၆ | ၂၁၃၆ |
| HSD (10 ppm) | ၂၀၆၆ | ၂၁၃၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်ရေး အသိပေးကြေညာ

နေပြည်တော် ဇူလိုင် ၁၉

မြန်မာနိုင်ငံ၌ မေ ၁၄ ရက်တွင် ဖြစ်ပွားခဲ့သည့် အလွန်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS (စာတို)ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင် ပြည်သူများအနေဖြင့် မိမိတို့၏ အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနက အသိပေးကြေညာထားသည်။

သတင်းစဉ်

# ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဆိုရာတွင်

ဝင်းမောင်မောင်

ခရီးသွားလုပ်ငန်းသည် ကမ္ဘာပေါ်တွင် အကြီးမားဆုံးစီးပွားရေးလုပ်ငန်းကြီးများတွင် တစ်ခုအပါအဝင်ဖြစ်သည်။ မြန်မာနိုင်ငံသည် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုစေသည့် ခရီးစဉ်ဒေသသစ်များနှင့် ပြည်တွင်းခရီးသွားဖွံ့ဖြိုးတိုးတက်လာမှု အခြေအနေကောင်းများကို ပိုင်ဆိုင်ထားသည်။ ပြည်တွင်းခရီးသွား အရှိန်အဟုန်ဖြင့် တိုးတက်လာခြင်းသည် ခရီးသွားလုပ်ငန်းများနှင့် ခရီးစဉ် ဒေသများအပေါ် သက်ရောက်မှု များစွာရှိသည်။

ပြည်တွင်းခရီးသွားများ မြန်မာနိုင်ငံအတွင်း တည်းခိုနေထိုင်လည်ပတ်မှုများသည် ၂၀၂၂ ခုနှစ်တွင် ၅ ဒသမ ၇၈ သန်းအထိ ရှိခဲ့သည်။ ၂၀၂၂ ခုနှစ်တွင် ပြည်ပခရီးသွားများ တည်းခိုနေထိုင်လည်ပတ်ခဲ့မှုမှာ ၀ ဒသမ ၆၆ သန်းသာရှိခဲ့သဖြင့် ပြည်တွင်းခရီးသွားသည် ခုနှစ်ဆခွဲ ရှစ်ဆအထိ ပိုမိုများပြားခဲ့သည်။ ခရီးသွားလုပ်ငန်းသည် အထိန်းအကွပ်မဲ့ အလွန်အကျွံတိုးတက်လာပါက တည်ရှိပြီးခရီးစဉ်ဒေသများနှင့် အသစ်ဖြစ်ထွန်းမည့် ခရီးစဉ်ဒေသများ၏ ရေရှည်တည်တံ့မှုနှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကို ခြိမ်းခြောက်လာမည်ဖြစ်သည်။

ထို့ကြောင့် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လျက်ရှိသည့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် ခရီးစဉ်ဒေသများ မပျက်စီးစေရေး အထူးအလေးပေး ဆောင်ရွက်လာကြသည်။ အချို့ခရီးစဉ်ဒေသများကို ယာယီပိတ်သိမ်း၍လည်းကောင်း၊ အချို့ခရီးစဉ်ဒေသများကို ခရီးသွားဧည့်သည် အရေအတွက်ကို အကန့်အသတ်ဖြင့် လက်ခံ၍လည်းကောင်း နည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသည်။

◆ သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံပြည်သူများအပေါ် ထိခိုက်မှုမရှိဘဲ ကုန်ကျစရိတ်အနည်းဆုံးဖြင့် အကျိုးအမြတ်အများဆုံးရရှိစေသည့် ခရီးသွားလုပ်ငန်းကို ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဟု ဆိုကြသည်

◆ ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းကို အကောင်အထည်ဖော်ရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး၊ လူမှုဝန်းကျင်မထိခိုက်စေရေး၊ စီးပွားရေးအရ အကျိုးအမြတ်ရရှိစေရေးဆိုသည့် အဓိကမဏ္ဍိုင်ကြီးသုံးရပ်ကို အခြေခံ၍ ဆောင်ရွက်ကြပြီး ယင်းမဏ္ဍိုင်ကြီးသုံးရပ် ဟန်ချက်ညီစွာ ဆောင်ရွက်နိုင်ရေးမှာ အလွန်အရေးကြီး

**ခြိမ်းခြောက်ခံ ခရီးစဉ်ဒေသများ**

ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဖြစ်စေရေး အဓိကပါဝင်ပတ်သက်နေသည့် ခရီးသွားဧည့်သည်များ၊ ခရီးသွားလုပ်ငန်းရှင်များ၊ ခရီးစဉ်ဒေသများရှိ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ခရီးစဉ်ဒေသတွင် လာရောက်ရင်းနှီးမြှုပ်နှံ လုပ်ကိုင်နေကြသည့် လုပ်ငန်းရှင်များ၊ ဒေသခံများ အားလုံးပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ခရီးစဉ်ဒေသများရေရှည်တည်တံ့ ခိုင်မြဲရေးသည် ခရီးသွားဧည့်သည်များ၏ စောင့်ထိန်းလိုက်နာမှုများပေါ်တွင် များစွာတည်မှီနေသည်။ ခရီးသွားများအနေဖြင့် သွားရောက်လည်ပတ်သည့် ခရီးစဉ်ဒေသများတွင် အမှတ်တမဲ့ပြုမူဆောင်ရွက်မှုများသည် ခရီးစဉ်ဒေသများကို ထိခိုက်စေသဖြင့် သတိပြုရှောင်ရှားကြရန် လိုအပ်ပေသည်။ ဥပမာ- ကမ်းခြေဒေသများတွင် သန္တာကျောက်တန်းများ၊ ရှားပါးရေနေသတ္တဝါမျိုးစိတ်များဖြင့် ပြုလုပ်ထားသည့် အမှတ်တရ ပစ္စည်းများ၊ အသုံးအဆောင်များ၊ အစားအသောက်များကို ဝယ်ယူခြင်းမှ ရှောင်ကြဉ်ခြင်းနှင့် ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများ၊ အဆောက်အအုံများတွင် အကျည်းတန်စေသည့် မင်ဖျက်ဆေး (Correction Pen)များဖြင့် ရေးခြစ်ခြင်း၊ ဖျက်ဆီးခြင်းများကို ရှောင်ကြဉ်ကြရန် လိုအပ်ပါသည်။ တစ်ဦးချင်းစောင့်ထိန်းမှု မရှိခြင်းများသည် အမျိုးသားအမွေအနှစ်များ၏ ရေရှည်တည်တံ့မှုကို ခြိမ်းခြောက်လျက်ရှိသည်။

ငပလီကမ်းခြေ၌ အမှိုက်များစည်းကမ်းမဲ့ စွန့်ပစ်ထားမှု။

**ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်း**

သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံပြည်သူများအပေါ် ထိခိုက်မှုမရှိဘဲ ကုန်ကျစရိတ် အနည်းဆုံးဖြင့် အကျိုးအမြတ်အများဆုံးရရှိစေသည့် ခရီးသွားလုပ်ငန်းကို ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းဟု ဆိုကြသည်။ လူတစ်စုသာ အကျိုးအမြတ်ရရှိပြီး နိုင်ငံတော်အတွက်လည်းကောင်း၊ ဒေသခံပြည်သူများအတွက်လည်းကောင်း အကျိုးဖြစ်ထွန်းမှု မရှိသည့်အပြင် သဘာဝပတ်ဝန်းကျင်ကို ပျက်စီးစေပြီး ခရီးစဉ်ဒေသကိုပါ ထိခိုက်စေသည့် ခရီးသွားလုပ်ငန်းများကို ကြိုတင်တားဆီးရန်လိုအပ်သည်။

ခရီးသွားဧည့်သည်များ စုပြုံ၍ အများအပြားလာရောက်လည်ပတ်ခြင်း၊ ခရီးစဉ်ဒေသများရှိ သဘာဝအရင်းအမြစ်များကို အလွန်အကျွံထုတ်ယူသုံးစွဲခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းမှုအားနည်းခြင်းများသည် ခရီးစဉ်ဒေသများ ရေရှည်တည်တံ့ခိုင်မြဲရေးကို ထိခိုက်စေသည့် အခြေခံအချက်များ ဖြစ်သည်။

**မဏ္ဍိုင် သုံးရပ်**

ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းကို အကောင်အထည်ဖော်ရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု မရှိစေရေး၊ လူမှုဝန်းကျင် မထိခိုက်စေရေး၊ စီးပွားရေးအရ အကျိုးအမြတ်ရရှိစေရေးဆိုသည့် အဓိက မဏ္ဍိုင်ကြီးသုံးရပ်ကို အခြေခံ၍ ဆောင်ရွက်ကြပြီး ယင်းမဏ္ဍိုင်ကြီးသုံးရပ် ဟန်ချက်ညီစွာ ဆောင်ရွက်နိုင်ရေးမှာ အလွန်အရေးကြီးသည်။

ခရီးသွားလုပ်ငန်း၏ ဆိုးကျိုးသက်ရောက်မှုများကို အနည်းဆုံးပမာဏသာ ဖြစ်စေခြင်း၊ သဘာဝအရင်းအမြစ်များနှင့် ယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းခြင်း၊ ခရီးစဉ်ဒေသရှိ သဘာဝပတ်ဝန်းကျင်အပေါ်တွင် ဧည့်သည်များ၏ ဂရုတစိုက်ရှိမှုနှင့် သိမြင်နားလည်မှုများကို မြှင့်တင်ခြင်း၊ ခရီးသွားလုပ်ငန်းအတွက် အရင်းအမြစ်များကို အကျိုးရှိထိရောက်စွာ အသုံးပြုခြင်းတို့သည် ပထမမဏ္ဍိုင်၏ ပင်မလုပ်ငန်းများဖြစ်သည်။

ဒုတိယမဏ္ဍိုင်မှာ ဒေသခံများ၏ ခရီးသွားလုပ်ငန်းတွင် ပါဝင်ဆောင်ရွက်ခွင့်နှင့် လုပ်ငန်းနှင့်ဆက်စပ်သည့် အသိပညာများရရှိခွင့်ကို မြှင့်တင်ပေးခြင်း၊ ခရီးသွားလုပ်ငန်းအတွေ့အကြုံများကို ရရှိစေခြင်းနှင့် ထိုအတွေ့အကြုံများမှတစ်ဆင့် ကိုယ်တိုင်ဖန်တီးလုပ်ဆောင်ခွင့် ရရှိစေခြင်း၊ ခရီးစဉ်ဒေသရှိ ယဉ်ကျေးမှုအမွေအနှစ်များ၊ လူနေမှုပုံစံများ၊ ရိုးရာဓလေ့များအပေါ်တွင် ဧည့်သည်များ၏ အလေးအနက်ရှိမှုနှင့် သိမြင်နားလည်မှုကို မြှင့်တင်ခြင်းတို့ ဖြစ်သည်။

တတိယ မဏ္ဍိုင်ဖြစ်သော စီးပွားရေးအရ အကျိုးအမြတ်ရရှိရေးကို ဆောင်ရွက်ရာတွင် ခရီးစဉ်ဒေသ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် မူဝါဒချမှတ်ခြင်း၊ စီမံကိန်းရေးဆွဲခြင်းနှင့် စီမံခန့်ခွဲခြင်းများ၏ အရေးပါမှုကိုသိမြင်ပြီး အလေးထားဆောင်ရွက်ခြင်း၊ ဒေသခံများအတွက် အကျိုးအမြတ်ရရှိမှုကို ဖြစ်စေခြင်းနှင့် ဒေသခံများ ခရီးသွားလုပ်ငန်းများတွင် ကိုယ်တိုင် အဓိကအခန်းကဏ္ဍမှ ရပ်တည်ဆောင်ရွက်လာနိုင်ခြင်း စသည့်အချက်များကို ထည့်သွင်းစဉ်းစားဆောင်ရွက်ရပါမည်။

**တာဝန်သိခရီးသွားများ**

ပြည်တွင်းခရီးသွားများဖြစ်စေ၊ ပြည်ပခရီးသွားများဖြစ်စေ မိမိကိုယ်ကိုတာဝန်ယူမှုရှိသော ခရီးသွားများဖြစ်လာစေရေး ခရီးသွားစဉ်စောင့်ထိန်းရမည့် ကျင့်ဝတ်များကို စောင့်ထိန်းကြရန်လိုအပ်သည်။ တစ်ဦးချင်း တစ်ယောက်ချင်းမှသည် အားလုံးပါဝင်သည့် တာဝန်သိစွာ ခရီးသွားတတ်သည့် ယဉ်ကျေးမှု ထွန်းကားလာအောင် ဆောင်ရွက်ကြရမည်။ ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းအတွက် မိမိတို့သည် မည်သည့်နယ်ပယ်၊ မည်သည့်နေရာဒေသ၊ မည်သည့်အလုပ်အကိုင်၊ မည်သည့်အခန်းကဏ္ဍတွင် ရှိနေစေကာမူ ခရီးသွားတစ်ဦး၏ တာဝန်ဝတ္တရားများကို တာဝန်ယူမှု၊ တာဝန်ခံမှုများဖြင့် ဆောင်ရွက်ကြရမည်။ မိမိသည် တာဝန်ယူမှုရှိသော ခရီးသွားသူတစ်ဦးဖြစ်လာစေရေး အောက်ပါအချက်များကို မိမိတတ်နိုင်သမျှ လိုက်နာကျင့်သုံးရန် တိုက်တွန်းလိုပါသည်-

- ခရီးသွားရန် စတင်ဆောင်ရွက်စဉ်ကပင် မိမိသွားရောက်မည့် ခရီးစဉ်ဒေသရှိ ဒေသခံများနှင့် သဘာဝပတ်ဝန်းကျင်ကို ထည့်သွင်းစဉ်းစား ရွေးချယ်ခြင်း။
- ခရီးစဉ်တစ်လျှောက်တွင် စည်းကမ်းမဲ့ အမှိုက်စွန့်ပစ်မှုကို ရှောင်ကြဉ်ခြင်း။
- ခရီးစဉ်အတွင်း နေထိုင်လည်ပတ်မှုများတွင် စွမ်းအင်သုံးစွဲမှုကို ချွေတာခြင်း။
- မိမိ၏ ဈေးဝယ်အိတ်၊ တစ်ကိုယ်ရေသုံး အမှိုက်အိတ်များဆောင်ယူသုံးစွဲခြင်း။
- ပလတ်စတစ်ဘူးများ၊ ပလတ်စတစ်အိတ်များ၊ ဖော့ဘူးများကို လျှော့ချသုံးစွဲခြင်း။
- ဒေသခံများ၏ မတူကွဲပြားသည့် ယဉ်ကျေးမှုများကို အသိအမှတ်ပြု လေးစားတန်ဖိုးထားခြင်း။
- မျိုးသုဉ်းပျောက်ကွယ်တော့မည့် ရှားပါးအပင်မျိုးစိတ်များနှင့် တိရစ္ဆာန်မျိုးစိတ်များကို ထိန်းသိမ်းခြင်း။
- ဒေသခံများထုတ်လုပ်ထားသည့် အမှတ်တရလက်ဆောင်ပစ္စည်းများ၊ ဒေသထွက်ပစ္စည်းများကို ဝယ်ယူအားပေးခြင်း၊ ဒေသခံများ၏ စားသောက်ဆိုင်များ၊ စီးပွားရေးလုပ်ငန်းများကို အားပေးခြင်းဖြင့် ဒေသ၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုပေးခြင်း။
- ဒေသခံများ၏ လူနေမှုဓလေ့စရိုက်များကို အသိအမှတ်ပြုလေးစားပြီး လိုက်လျောညီထွေစွာ ပြုမူနေထိုင်ခြင်း။
- တရားမဝင် မူးယစ်ဆေးဝါးရောင်းဝယ်မှုများ၊ သုံးစွဲမှုများ၊ လိင်ကုန်ကူးခြင်းများ မပြုလုပ်ခြင်း။
- သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံများအပေါ် တာဝန်သိသော၊ ကျင့်ဝတ်လိုက်နာသော ခရီးသွားလုပ်ငန်းများကိုသာ မိမိ၏ ခရီးစဉ်အား စီစဉ်ပေးသူအဖြစ် ရွေးချယ်အသုံးပြုခြင်း။
- အနည်းဆုံး ရေပမာဏကိုသာ သုံးစွဲခြင်း။

**တာဝန်သိခရီးသွားလုပ်ငန်းများ**

ယခင် သမားရိုးကျ ခရီးသွားလုပ်ငန်းများသည် အမြတ်ဗဟိုပြု စီးပွားရေးလုပ်ငန်းများဖြစ်ပြီး ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းသည် အတ္တ ပရ မျှတသည့်၊ လူမှုတာဝန်ကျေသည့် စီးပွားရေးလုပ်ငန်းဖြစ်သည်။ ယနေ့ကမ္ဘာပေါ်တွင် မည်သည့်ကဏ္ဍ၌ ရင်းနှီးမြှုပ်နှံ၍ စီးပွားရေးဆောင်ရွက်ကြသည်ဖြစ်စေ ရေရှည်တည်တံ့စေရေးအတွက်ဘက်ပေါင်းစုံမှ စဉ်းစားလုပ်ကိုင်ဆောင်ရွက်လျက်ရှိသည်။ သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေး၊ ယဉ်ကျေးမှု အမွေအနှစ်များ မထိခိုက်မပျက်စီးစေရေးနှင့် ဒေသခံများ၏ လူမှုစီးပွားဘဝ မထိခိုက်စေရေးများကို ကြိုတင်လေ့လာတွက်ချက်ပြီး ထိခိုက်မှုအနည်းဆုံးဖြင့် အမြတ်ရရှိရေးကို စဉ်းစားလုပ်ကိုင်လာကြသည်။ လူမှုတာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများကို

*စာမျက်နှာ ၁၇ သို့*

## မဟာအောင်မြေမြို့နယ်၌ သံဃာအပါး ၃၀၀ အား ဘုံဆွမ်းလောင်းလှူ

**မဟာအောင်မြေ ဇူလိုင် ၁၉**

မန္တလေးမြို့ မဟာအောင်မြေမြို့နယ် ၆၇-၆၈ကြား သိပ္ပံလမ်းပေါ်၌ ယမန်နေ့နံနက်ပိုင်းက မဟာမြိုင်(၁) ရပ်ကွက်အပါအဝင် အခြား ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများမှ ဆရာတော်၊ သံဃာတော် အပါး ၃၀၀ အား ဆွမ်း၊ လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ လောင်းလှူသည်။

ထိုသို့ ဘုံဆွမ်းလောင်းလှူမှုကို မဟာအောင်မြေမြို့နယ် မဟာမြိုင် (၁) ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးနေမင်းဦးနှင့် ဒေါ်ယုယုဇော် တို့က ဦးစီး၍ အလှူရှင်များနှင့် ရပ်ကွက်နေပြည်သူများစုပေါင်း၍ ဒုတိယ အကြိမ် လှူဒါန်းခြင်းဖြစ်ပြီး လစဉ် လဆန်း ၁ ရက်နေ့နံနက်တိုင်း သံဃာအပါး ၃၀၀ စာ၊ ဆွမ်း၊ ဆွမ်းဟင်း၊လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မ အလှူငွေများ လောင်းလှူလျက်ရှိကြောင်း သိရသည်။

**အောင်ဇော်မင်း**

## မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဧရာဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ပွဲတက်ရောက်

**မကွေး ဇူလိုင် ၁၉**

မကွေးတိုင်းဒေသကြီး ငါးလုပ်ငန်း ဦးစီးဌာနအနေဖြင့် တိုင်းဒေသကြီး အတွင်း ခရိုင်၊ မြို့နယ်များရှိ ဧရာဝတီမြစ်၊ ချောင်းနှင့် ဆည်တမံများအတွင်းသို့ ငါးမျိုး များ စိုက်ထည့်ဆောင်ရွက်လျက် ရှိရာ ဇူလိုင် ၁၈ ရက်က မကွေးမြို့ ကမ်းနားလမ်း နန်းထိုက်သူ ဟိုတယ်အနီး ဧရာဝတီမြစ်ကမ်း စပ်၌ ဧရာဝတီမြစ်အတွင်း ငါးမျိုး စိုက်ထည့်ပွဲ ကျင်းပသည်။

အခမ်းအနားသို့ မကွေးတိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်း၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်၍ ဧရာဝတီမြစ်အတွင်း ကြီးထွားမှု နှုန်း မြန်ဆန်သည့် ငါးသားပေါက် များဖြစ်သည့် ထိုင်းငါးခုံးမကြီး အကောင်ရေ သုံးသိန်း၊ ငါးမြစ်ချင်း အကောင်ရေ တစ်သိန်း၊ ရွှေဝါ ငါးကြင်းအကောင်ရေ တစ်သိန်း စုစုပေါင်း ငါးမျိုးအကောင်ရေ ငါးသိန်းကို စိုက်ထည့်ပေးသည်။

ငါးမျိုး စိုက်ထည့်ခြင်းကို မကွေးတိုင်းဒေသကြီး ငါးမျိုး စိုက်ထည့်ခြင်း ကြီးကြပ်ကွပ်ကဲ ရေးကော်မတီဝင်များ၊ မကွေး တိုင်းဒေသ ကြီး တိုင်း၊ ခရိုင်၊ မြို့နယ်စခန်းငါးလုပ်ငန်းဦးစီးဌာန ဝန်ထမ်းများ စုပေါင်းကာ ဆောင် ရွက်ခြင်းဖြစ်ပြီး အဆိုပါ ငါးသား ပေါက်များကို ပွင့်ဖြူ ငါးလုပ်ငန်း စခန်းမှ မျိုးငါး သားပေါက်ကောင် ရေ သုံးသိန်းနှင့် တောင်တွင်းကြီး ငါးလုပ်ငန်းစခန်းမှ မျိုးငါးသား ပေါက်ကောင်ရေ နှစ်သိန်း သား ဖောက်ထုတ်လုပ်ခဲ့ခြင်း ဖြစ်သည်။

ယခုနှစ်တွင် ဧရာဝတီမြစ် ကြောင်းတစ်လျှောက် မကွေး၊ ပခုက္ကူ၊ သရက်၊ တောင်တွင်းကြီးမြို့ များတွင် ငါးမျိုး စိုက်ထည့်သွားမည် ဖြစ်ပြီး မြစ်၊ ချောင်း၊ အင်းအိုင်များ စိုက်ထည့်ပြီးပါက ဆည်၊ တမံများ အတွင်းသို့ ငါးမျိုးကောင်ရေ စုစုပေါင်း ၂၈ သိန်း စိုက်ထည့်ရန် လျာထား ဆောင်ရွက်လျက်ရှိ ကြောင်း တိုင်းဒေသကြီး ငါးလုပ် ငန်းဦးစီးဌာန ဦးစီးမှူး ဒေါ်မေ သန္တာဝင့်ထံမှ သိရသည်။

**မောင်ညီညာ**

## ဖလေးချောင်း သဘာဝရေပြင်အတွင်းသို့ ငါးမျိုးစိုက်ထည့်

**ကော့မှူး ဇူလိုင် ၁၉**

ရန်ကုန်တိုင်းဒေသကြီး ကော့မှူးမြို့နယ် မြို့မရပ်ကွက် ဖလေးချောင်း အတွင်းသို့ ငါးမျိုးစိုက်ထည့်ပွဲကို ဇူလိုင် ၁၈ ရက်က ပြုလုပ်သည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဒုတိယတိုင်းဦးစီးမှူး ဦးတင့်လွင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ဒေဝနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်လှဲ့ မွန်တင့်နှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အမျိုးသမီးရေးရာ အဖွဲ့ဝင်များက ဖလေးချောင်း သဘာဝရေပြင် အတွင်းသို့ နှစ်လက်မအရွယ် ငါးမြစ်ချင်းသားပေါက်ကောင်ရေ ၂၀၀၀၀၀၊ ငါးခုံးမ ၆၀၀၀၀၀၊ ရွှေဝါငါးကြင်း ၂၀၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၁၀ သိန်းကို ဖလေးချောင်း သဘာဝရေပြင် အတွင်းသို့ ငါးမျိုးစိုက်ထည့်ခဲ့ကြောင်း သိရသည်။

**ကျော်သူရ (ကော့မှူး)**

## မောင်တောမြို့ အမျိုးသမီးအိမ်တွင်းမှုသင်တန်းကျောင်း၌ ပန်းအလှဆင် ဆင့်ပွားသင်တန်းဖွင့်

**မောင်တော ဇူလိုင် ၁၉**

ရခိုင်ပြည်နယ် မောင်တောမြို့၌ နယ်စပ်ရေးရာဝန်ကြီးဌာန အမျိုး သမီး အိမ်တွင်းမှု သက်မွေး ပညာ သင်တန်းကျောင်းတွင် ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ် ရေးဦးစီးဌာန၊ မိသားစုစည်းရုံးရေး နှင့် စည်းကမ်းထိန်းသိမ်းရေး ကော်မတီတို့မှ ကြီးမှူးဖွင့်လှစ် သည့် ပန်းအလှဆင် ဆင့်ပွား သင်တန်းကို ဇူလိုင် ၁၆ ရက်က အဆိုပါကျောင်းခန်းမ၌ ပြုလုပ် သည်။

ဦးစွာ ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မိသားစုစည်းရုံးရေးနှင့် စည်းကမ်း ထိန်းသိမ်းရေး ကော်မတီမှ တာဝန်ရှိသူများက ပန်းအလှဆင် ဆင့်ပွားသင်တန်း ဖွင့်လှစ်ပို့ချခြင်း များနှင့်ပတ်သက်၍ အတတ် ပညာတစ်ခု တတ်မြောက်ခြင်း အားဖြင့် မိသားစုဝမ်းရေးအတွက် အဆင်ပြေကြောင်း၊ သင်တန်းသူ များအနေဖြင့် သင်တန်းမှ ပို့ချ ပေးမည့် အခမ်းအနားများတွင် အသုံးပြုနိုင်သည့် ပန်းအလှဆင် နည်းစနစ်များ၊ ပန်းအမျိုးမျိုးနှင့် အလှဆင်ပန်းအိုးများ ပြုလုပ် ရခြင်းများကို ရှင်းလင်းပြော ကြားခဲ့သည်။

အဆိုပါ သင်တန်းကို နည်းပြ များက သင်ကြားပို့ချမည့်ဖြစ်ရာ သင်တန်းသူ ၃၀ တက်ရောက် သင်ယူမည်ဖြစ်ကြောင်း သိရ သည်။

**သက်လွင်စိုး**
**အောင်ကျော်စိန်(ပြန်/ဆက်)**

*စာမျက်နှာ ၁၆ မှ*

အားပေးလာကြသည်။ ခရီးသွားလုပ်ငန်းကဏ္ဍတွင်လည်း ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းကို အထောက်အကူပြုစေမည့် ကျင့်ဝတ်များ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်သည့် စီးပွားရေးလုပ်ငန်းများကိုသာ ဒေသခံများက လက်ခံကြိုဆိုလာကြပြီဖြစ်သည်။ ဒေသခံများနှင့် သဟဇာတဖြစ်ပြီး ဒေသကိုအကျိုးပြုသော၊ သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းသော တာဝန်သိခရီးသွားလုပ်ငန်းများအတွက် အခြေခံ ကျင့်ဝတ်များကို မျှဝေလိုပါသည်။ အောက်တွင် ဖော်ပြထားသည့် အခြေခံကျင့်ဝတ်များနှင့် သွေဖည်ခဲ့ပါက ရေရှည်တည်တံ့ခိုင်မြဲမှုနှင့် သဟဇာတဖြစ်မှုကို ထိခိုက်စေပါသည်-

- ကာလရှည်ကြာ အကျိုးဖြစ်ထွန်းမှုကို အာမခံနိုင်ပြီး အမြတ်ရရှိစေမည့် ဦးတည်ဈေးကွက်တစ်ခုကိုသာ ဝန်ဆောင်မှုပေးခြင်း။
- ခရီးစဉ်ဒေသများနှင့် အဆိုပါခရီးစဉ်ဒေသများတွင် ရှိနှင့်ပြီးသည့် ယဉ်ကျေးမှု အမွေအနှစ်များကို အသိအမှတ်ပြု အလေးအနက်ထားသည့် လုပ်ငန်းများ ဖြစ်လာစေရေး ခံယူဆောင်ရွက်ခြင်း။
- ဒေသစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှင့် သိသာထင်ရှားသည့် အကျိုးအမြတ်ကို ဖြစ်ထွန်းစေခြင်း။
- သဘာဝပတ်ဝန်းကျင်နှင့် လူမှုအဖွဲ့အစည်းများအကြား သဟဇာတဖြစ်မှုနှင့် အပြန်အလှန် အကျိုးသက်ရောက်မှုကိုဖြစ်ထွန်းစေခြင်း။
- ရေမြေတောတောင်များ၊ တိုင်းရင်းသားလူမျိုးစုများနှင့် လူနေမှုဓလေ့စရိုက် ယဉ်ကျေးမှုများကို ကာကွယ်ခြင်းနှင့် ထိန်းသိမ်းခြင်းလုပ်ငန်းများတွင် အရင်းအနှီးစိုက်ထုတ်မှုကို မြှင့်တင်ခြင်း။
- မတူကွဲပြားသည့် ဒေသခံလူမှုအဖွဲ့အစည်းများအား အခွင့်အလမ်းသစ်များ ဖန်တီးပေးရန်နှင့် ပေါ်ပေါက်လာသည့် စိန်ခေါ်မှုများကို အတူတကွဖြေရှင်းတတ်လာစေရန် ကူညီဆောင်ရွက်ပေးခြင်း။

တာဝန်သိခရီးသွားလုပ်ငန်းများ ပေါ်ပေါက်လာမှသာ ရေရှည်တည်တံ့သည့် ခရီးသွားလုပ်ငန်းဖြစ်တည်လာမည်။ ဒီတာဝန်ကို တစ်ဦးတစ်ယောက်တည်း၊ အဖွဲ့အစည်းတစ်ခုတည်းက ထမ်းဆောင်နိုင်မည် မဟုတ်ပါ။ ခရီးသွားလုပ်ငန်းနယ်ပယ်တွင် ပါဝင်ပတ်သက်သူ တစ်ဦးချင်းစီတိုင်းတွင် တာဝန်ရှိပါသည်။

နိုင်ငံတော်၏ စီးပွားရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေပြီး ဆပွားအကျိုးသက်ရောက်မှု ကျယ်ပြန့်သည့် ခရီးသွားလုပ်ငန်းကို အမြတ်ရရှိရေးသာ ဦးတည်ဆောင်ရွက်ရာမှ ရေရှည်တည်တံ့ရေးကို ဦးတည်ဆောင်ရွက်လာစေရေး ပါဝင်ပတ်သက်သူအားလုံး အလေးထားဆောင်ရွက်ရမည့် အချိန်ဖြစ်သည်။

### ရေရှည်တည်တံ့သောခရီးသွားလုပ်ငန်း၏ အကျိုးကျေးဇူးများ

ရေရှည်တည်တံ့သော ခရီးသွားလုပ်ငန်းသည် လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုကို ထိထိရောက်ရောက်နှင့် စရိတ်သက်သာစွာဖြင့်ဆောင်ရွက်နိုင်ပြီး သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်ခြင်း၊ ပင်လယ်ကမ်းရိုးတန်းဒေသများ၏ ဂေဟစနစ်နှင့် ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကို သဘာဝအတိုင်း ထိန်းသိမ်းနိုင်ခြင်း၊ ခရီးစဉ်ဒေသများကို မူလအတိုင်း ထိန်းသိမ်းထားနိုင်ခြင်းဖြင့် ခရီးသွားဧည့်သည်များ လာရောက်လည်ပတ်စေရန် ဆွဲဆောင်နိုင်ခြင်း၊ ခရီးစဉ်ဒေသများ၏ အရည်အသွေးနှင့် ဒေသတွင်းနိုင်ငံများရှိ ခရီးစဉ်ဒေသများနှင့် ယှဉ်ပြိုင်နိုင်စွမ်းအားကို မြှင့်တင်နိုင်ခြင်း၊ အနာဂတ် ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို မြှင့်တင်နိုင်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းကာကွယ်ပေးခြင်းကြောင့် နောင်မျိုးဆက်သစ်များအတွက် ကောင်းမွန်သည့် အမွေများချန်ထားနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိစေသည်။

### ပြိုင်တူတွန်းလှျှင် ရွေ့နိုင်ပါသည်

သဘာဝအရင်းအမြစ်များကို ရေရှည်တည်တံ့သောနည်းလမ်းများဖြင့် အသုံးပြုစေရေး၊ အလွန်အကျွံအသုံးပြုခြင်းနှင့် ညစ်ညမ်းမှုများ လျော့ကျစေရေး၊ ဇီဝမျိုးစုံမျိုးကွဲများကို ထိန်းသိမ်းတတ်စေရေး၊ ဒေသအဆင့်နှင့် နိုင်ငံတော်အဆင့် ရေးဆွဲဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများတွင် ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို ထည့်သွင်းဆောင်ရွက်စေရေး၊ ဒေသခံများ၏ စီးပွားရေး အကျိုးအမြတ်ရရှိမှုကို အလေးထား သုံးသပ်ဆောင်ရွက်စေရေးများကို ဆောင်ရွက်ကြရပါမည်။ ထိုသို့ ဆောင်ရွက်ရာတွင် ဒေသခံများ၊ အစိုးရဌာနဆိုင်ရာများ၊ ခရီးသွားလုပ်ငန်းရှင်များ၊ ခရီးသွားများ၊ ကျွမ်းကျင်ပညာရှင်များ၊ မီဒီယာများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နိုင်ငံတော်စီးပွားရေးကို အထောက်အကူဖြစ်စေသည့် ခရီးသွားလုပ်ငန်းအား ရေရှည်တည်တံ့အောင် ကြိုးပမ်းဖော်ဆောင်ပေးကြရပါမည်။

မြန်မာနိုင်ငံသည် ခရီးသွားလုပ်ငန်းအတွက် အရင်းအမြစ်များ ပြည့်စုံသည့် နိုင်ငံဖြစ်သည်။ သဘာဝအတိုင်း မပျက်စီးသေးသည့် ပင်လယ်ကမ်းခြေများ၊ ရေအောက်ရှုခင်းများကို လေ့လာနိုင်သည့် မြိတ်ကျွန်းစုဒေသ ခရီးစဉ်များ၊ သာယာလှပသည့် တိမ်ပင်လယ်ရှုခင်းများ၊ တောင်တက်ခရီးစဉ်များ၊ ရေခဲဖုံးလွှမ်းနေသည့် တောင်တန်းများ၊ မတူကွဲပြားသည့် တိုင်းရင်းသားများ၏ ယဉ်ကျေးမှုဓလေ့စရိုက်များ၊ လူနေမှုပုံစံများ၊ ရှေးဟောင်းယဉ်ကျေးမှုနယ်မြေများစသည်ဖြင့် ခရီးသွားလုပ်ငန်းအတွက် အရင်းအမြစ်များ ပြည့်စုံကြွယ်ဝလှသည်။ ထိုသို့ ပြည့်စုံကြွယ်ဝလှသည့် ခရီးသွားလုပ်ငန်းအတွက် အရင်းအမြစ်များ ရေရှည်တည်တံ့ပြီး ခရီးသွားလုပ်ငန်း၏ အသီးအပွင့်များကို ဒေသခံများ ခံစားနိုင်ရေး ခရီးသွားများ၊ခရီးသွားလုပ်ငန်းများက ပြိုင်တူတွန်းလို့ ရွေ့ပေးကြပါရန် တိုက်တွန်းလိုက်ရပါသည်။ ။

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဩဇာမင်းသဘာဝမြေဩဇာစက်ရုံအတွင်း သဘာဝမြေဩဇာထုတ်လုပ်ပုံအဆင့်ဆင့်ကြည့်ရှု

ဘားအံ ဇူလိုင် ၁၉

**ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများသည် ဇူလိုင် ၁၈ ရက်က ဘားအံမွေးမြူရေးဇုန် ရှင်းလင်းဆောင်၌ ဒေသတွင်း မွေးမြူရေးထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်နိုင်ရေး တောင်သူများနှင့် တွေ့ဆုံ၍ မွေးမြူရေးထုတ်ကုန်ဆိုင်ရာများ ဆွေးနွေးသည်။**

ထိုသို့တွေ့ဆုံရာတွင် ပြည်နယ်ဝန်ကြီးချုပ်က ကုန်ထုတ်လုပ်မှုမြှင့်တင်ရေး ဆောင်ရွက်ရာတွင် ဒေသတွင်းစားသုံးမှုကို ဖူလုံအောင်ဆောင်ရွက်၍ ပိုလျှံသည်များကို ပြည်ပသို့ တင်ပို့ရောင်းချပြီး သွင်းကုန်အစားထိုးထုတ်ကုန်များ ထုတ်လုပ်နိုင်သည်အထိ ဆောင်ရွက်ရန်လိုကြောင်း၊ စားရေရိက္ခာဖူလုံရန် ဆန်၊ ဆီ၊ ပဲ၊ အသား၊ ငါးတို့မှာ အဓိကလိုအပ်ပြီး ဒေသတွင်း၌ အချို့မှာဖူလုံ၍ အချို့မှာဖူလုံမှုမရှိသေးကြောင်း၊ မွေးမြူရေးထုတ်ကုန်များကို တိုးမြှင့်ထုတ်လုပ်ရန်လိုပြီး ပြည်နယ်အတွင်း မွေးမြူရေးဇုန် ခုနစ်ခုရှိသော်လည်း မလုံလောက်သေးသည့်အတွက် ဝက်၊ ဆိတ် သီးသန့်မွေးမြူရေးဇုန်ဧက ၁၀၀ ကို ထပ်မံဖော်ထုတ်ပေးမည်ဖြစ်ရာ ထပ်မံတိုးချဲ့မွေးမြူလိုသူများအား လိုအပ်ပါက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ချေးငွေများ ထုတ်ချေးပေးမည်ဖြစ်ကြောင်း၊ ဘားအံမွေးမြူရေးဇုန်၌ တစ်ယူနစ်ကောင်ရေ တိုးချဲ့မွေးမြူစေလိုပြီး အသားထုတ်လုပ်မှု တိုးမြှင့်ထုတ်လုပ်နိုင်ရေးအတွက် အထွက်နှုန်း တိုးအောင်ဆောင်ရွက်ပြီး စွမ်းအားပြည့် မွေးမြူထုတ်လုပ်ကြရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများသည် တောင်သူ ဦးအောင်ကျော်သူ၏ ဆိတ်၊ သိုးအကောင် ၁၆၀ မွေးမြူရေးခြံ၊ တောင်သူ ဦးကျော်မြင့်၏ နွား ၄၂ ကောင် မွေးမြူရေးခြံ၊ တောင်သူ နန်းခင်မိုးလွင်၏ ဆိတ် ၅၆ ကောင် မွေးမြူရေးခြံတို့၌ တိရစ္ဆာန်များမွေးမြူထားရှိမှုနှင့် တိရစ္ဆာန်အစာပင် နေဗီယာမြက်မျိုးများ စိုက်ပျိုးထားရှိမှုတို့ကို ကြည့်ရှုပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဘားအံမွေးမြူရေးဇုန်တွင် ဥစားကြက် ၁၁ ခြံ ကောင်ရေ ၁၅၆၃၆ ကောင်၊ ဒေသကြက် ၁၄ ခြံ ကောင်ရေ ၅၅၁၀ ၊ ဆိတ် ၆၅ ခြံ ကောင်ရေ ၂၁၈၉ ကောင်၊ နွား ၁၈ ခြံ ကောင်ရေ ၃၀၇ ကောင်၊ သိုးတစ်ခြံ ကောင်ရေ ၁၈ ကောင်တို့ကို လည်ပတ်မွေးမြူလျက်ရှိကာ စွမ်းအားပြည့်မွေးမြူနိုင်ရေးအတွက် တစ်ယူနစ်ကောင်ရေ ထပ်မံတိုးချဲ့မွေးမြူရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဒေသတွင်းဓာတ်မြေဩဇာသုံးစွဲခြင်းကို လျှော့ချ၍ သဘာဝမြေဩဇာများကို တွင်ကျယ်စွာ အစားထိုးပြောင်းလဲသုံးစွဲလာစေရေး ဘားအံမွေးမြူရေးဇုန်အတွင်း တည်ဆောက်ထားသော ဩဇာမင်းသဘာဝမြေဩဇာစက်ရုံသို့ သွားရောက်ပြီး တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများ၊ စိုက်ပျိုးရေးစွန့်ပစ်ပစ္စည်းများအား ကုန်ကြမ်းအဖြစ်အသုံးပြု၍ သဘာဝမြေဩဇာထုတ်လုပ်ပုံအဆင့်ဆင့်တို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး **(ယာပုံ)** လိုအပ်သည်များ မှာကြားခဲ့ကြောင်းသိရသည်။ **စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ကြယ်နီဆန်စက်အတွင်း ကြိတ်ခွဲပြီးသောဆန်များ ကြည့်ရှု

အုတ်တွင်း ဇူလိုင် ၁၉

**ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဦးဆောင်သည့် တိုင်း/ခရိုင်အဆင့်ဌာနဆိုင်ရာမှ တာဝန်ရှိသူများသည် အုတ်တွင်းမြို့နယ်အတွင်းရှိ မိုးစပါးမျိုးစေ့ထုတ်စိုက်ခင်းပျိုးထောင်ထားရှိမှု၊ စိုက်ပျိုးနေမှုနှင့် MSME စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှုကို ဇူလိုင် ၁၇ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။**

ထိုသို့ကွင်းဆင်းကြည့်ရှုရာတွင် အုတ်တွင်းမြို့နယ် ဥယျာဉ်တော်ကျေးရွာအုပ်စု ဥယျာဉ်တော်ကျေးရွာရှိ တောင်သူ ဦးညွန့်ဝေ၏လယ်မြေ ၁၀ ဧကတွင် မိုးစပါးဆင်းသုခကို ကောက်စိုက်စက်ဖြင့် စိုက်ပျိုးရန် ပျိုးထောင်ထားရှိမှုနှင့် ကောက်စိုက်တောင်သူများဖြင့် မိုးစပါးစိုက်ပျိုးနေမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးဧက ၈၉၁၀၀ ကို အချိန်မီရာနှုန်းပြည့် စိုက်ပျိုးပြီးစီးနိုင်ရေး မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကြက်သွန်ခင်း(၂)ရပ်ကွက်ရှိ ကြယ်နီဆန်စက်ကြိတ်ခွဲနေမှု **(ယာပုံ)**၊ အခြောက်ခံစက် လုပ်ငန်းဆောင်ရွက်နေမှုနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး (MSME) စီမံကိန်းဖြင့်ဆောင်ရွက်သော အာလူးကြော်ထုတ်လုပ်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။ **အေမင်းရည်စော(ပြန်/ဆက်)**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် တင်း ၁၀၀ စံပြစိုက်ကွက်အတွင်း စိုက်ပျိုးရေဖူလုံစွာရရှိရေးကွင်းဆင်းစစ်ဆေး

**မြစ်ကြီးနား ဇူလိုင် ၁၉**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မန်ခိန်ရပ်ကွက်အတွင်းရှိ ဧက ၁၀၀ တင်း ၁၀၀ စံပြစိုက်ကွက်အတွင်း တောင်သူများအနေဖြင့် မိုးစပါးစိုက်ပျိုးနိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၁၇ ရက်က ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဒေသခံတောင်သူများအား သွားရောက်တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင်ပြည်နယ်ဝန်ကြီးချုပ်က လယ်မြေများကို စံပြစိုက်ကွက်အဖြစ်သတ်မှတ်ပြီး ပြည်နယ်အတွင်း စားရေရိက္ခာဖူလုံရေး၊ လယ်မြေများအားလုံး အခြားနည်းအသုံးချမှုမရှိစေရေး၊ တစ်နှစ် နှစ်သီးမှ သုံးသီးအထိ စိုက်ပျိုးနိုင်ရေး စိုက်ပျိုးရေးသွင်းအားစုများအပြင် စံပြစိုက်ကွက်တစ်ခုလုံး သာယာလှပလာစေရေး ဆောင်ရွက်လျက်ရှိသည့် အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တောင်သူများနှင့်အတူ တပ်ကုန်းကွင်းအတွင်းရှိ လယ်မြေများအတွင်း မိုးစပါးစိုက်ပျိုးနိုင်ရေး စက်ရေတွင်းများမှတစ်ဆင့် လက်တံမြောင်းများသို့ ရေသွင်းဆောင်ရွက်ထားရှိမှုအခြေအနေများ၊ **(အောက်ပုံ)**တောင်သူများ၏ လယ်တော ဝင်/ထွက် လှည်းလမ်းဆောင်ရွက်ပေးနိုင်ရေးနှင့် လိုအပ်ချက်များတင်ပြမှုအပေါ် လယ်ကွင်းများသို့ တိုက်ရိုက်ဝင်ရောက်နိုင်သည့် လမ်းများမှတစ်ဆင့် လက်တံမြောင်းများကို ရေကျော်ပြုလုပ်၍ ဝင်/ထွက်လမ်းများ ဆောင်ရွက်ပေးနိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့ပြင် အင်ဂျန်းခချောင်းကို ပြည်နယ်အစိုးရအဖွဲ့ရန်ပုံငွေဖြင့် အရှည်ပေ ၁၀၀၀၀ ပြန်လည်တူးဖော်ပြီး ပင်မမြောင်းနှင့် လက်တံမြောင်းများ ချိတ်ဆက်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ပြည်နယ်ဝန်ကြီးချုပ်က ဆောင်းရာသီသီးထပ်သီးညှပ်များ စိုက်ပျိုးနိုင်ရေး၊ စက်ရေတွင်း၊ ဆိုလာရေတွင်းများမှ ရေများကို လက်တံမြောင်းများမှတစ်ဆင့် ပင်မမြောင်းအတွင်း ရေသွင်း၍ ဆိုလာစနစ်သုံး ရွှေ့လျားရေတင်စက်ဖြင့် ရေသွင်းနိုင်ရေး၊ ပင်မမြောင်းမကြီးတစ်လျှောက် ငါးကောင်ရေနှစ်သိန်း မွေးမြူဆောင်ရွက်သွားမည့်အစီအစဉ်များကို တောင်သူများ ကိုယ်တိုင်ပါဝင်သည့် အစုအဖွဲ့များဖြင့် စနစ်တကျစီမံခန့်ခွဲနိုင်ရေး ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဒေသခံတောင်သူများအား ညှိနှိုင်းပေါင်းစပ်ဆွေးနွေးဆောင်ရွက်ပေးသည်။

ပြည်နယ်(ပြန်/ဆက်)

# အောင်မြေသာစံမြို့နယ်၌ ရေချိုငါးများ ဆေးထိုးသားဖောက်ခြင်း သင်တန်းဖွင့်လှစ်

**မန္တလေး ဇူလိုင် ၁၉**

မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန၏ အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးဆေးထိုးသားဖောက်ခြင်း နည်းပညာပေးသင်တန်းက ဇူလိုင် ၁၃ ရက်က ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူးရုံး၌ ကျင်းပသည်။

သင်တန်းတွင် အောင်မြေသာစံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ဆွေက တက်ရောက်အမှာစကားပြောကြားပြီး ခရိုင်ငါးလုပ်ငန်းတာဝန်ခံ ဒေါ်ဝေဝေက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ သရက်ကုန်ငါးလုပ်ငန်းစခန်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းနောင်ဝင်းနှင့် ပုသိမ်ကြီးမြို့နယ်တာဝန်ခံ ဒေါ်သင်းမြမြထွန်းတို့မှ အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများဆေးထိုးသားဖောက်ခြင်းကို စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသည်။ သင်တန်းကို ဇူလိုင် ၁၄ ရက်အထိ နှစ်ရက်သင်ကြားပို့ချပေးခဲ့ပြီး ပုသိမ်ကြီးမြို့နယ်မှ ငါးမွေးတောင်သူ ၁၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပြန်ကြားရေးဝန်ကြီးဌာန
## ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
## ဒုတိယဦးစီးမှူးရာထူး ခန့်ထားရေးအတွက်
## ရွေးချယ်ထားသူများစာရင်း ကြေညာခြင်း

၁။ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ဒုတိယဦးစီးမှူး (လစာနှုန်း ကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) (၆၁)နေရာအတွက် ရေးဖြေစာမေးပွဲနှင့် လူတွေ့စစ်ဆေးခြင်းများ ပြုလုပ်ခဲ့ပြီး စိစစ်ရွေးချယ်ထားသူများစာရင်းအား အောက်ပါအတိုင်း ထုတ်ပြန်ကြေညာအပ်ပါသည်-

| | |
|---|---|
| ဒဥစ(ရန်ကုန်) | ၁၊ ၁၇၊ ၂၀၊ ၂၁၊ ၂၉၊ ၃၇၊ ၃၈၊ ၄၂၊ ၄၄၊ ၄၆၊ ၅၀၊ ၅၁၊ ၅၃၊ ၅၆၊ ၆၄၊ ၇၀၊ ၇၁ |
| ဒဥစ(မန္တလေး) | ၁၊ ၂၊ ၃၊ ၅၊ ၈၊ ၁၁၊ ၁၂၊ ၁၇၊ ၁၉၊ ၂၀၊ ၂၂၊ ၂၃၊ ၂၅၊ ၂၇၊ ၂၉၊ ၃၈၊ ၄၃၊ ၄၅ |
| ဒဥစ(နေပြည်တော်) | ၁၊ ၂၊ ၅၊ ၈၊ ၁၀၊ ၁၇၊ ၁၈၊ ၁၉၊ ၂၅၊ ၃၁၊ ၃၅၊ ၃၉၊ ၄၁၊ ၅၁၊ ၅၆၊ ၅၇၊ ၆၁၊ ၆၂၊ ၆၃၊ ၆၄၊ ၆၅၊ ၆၉၊ ၇၁၊ ၇၅၊ ၇၈၊ ၇၉ |

၂။ ဒုတိယဦးစီးမှူးရာထူး ရွေးချယ်ခံထားရသူများသည် မိမိတို့တာဝန်ကျရုံးအမည်နှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား မိမိတို့နှင့် အနီးဆုံး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများသို့ သွားရောက်စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ ရွေးချယ်ခံရသူများစာရင်းကို ပြန်ကြားရေးဝန်ကြီးဌာန၏ Website www.moi.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်သိရှိလိုပါက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်) (ဖုန်း ၀၆၇-၃၄၁၂၀၂၄၊ ၀၆၇-၃၄၁၂၁၀၄) သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရှမ်းပြည်နယ်၊"ဝ"ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့၊ ဈေးရပ်ကွက်နေ ကျွန်တော် ဦးသိန်းဝင်း (၁၃/နမတ(နိုင်)၀၀၈၆၇၅)သည် ဟိုပန်ခရိုင်၊ဟိုပန်မြို့နယ်၊ ရုံးကုန်းရပ်ကွက်၊အကွက်အမှတ် (၆)၊ ရုံးကုန်းအရှေ့အကွက်၊ ဦးပိုင်အမှတ် (၁၁၄)၊ မြေကွက်အမှတ် (၁၁၆)၊ ဧရိယာ(၀.၆၈၈)ဧကေအား မြေငှားဂရန်လျှောက်ထားရာတွင် အဆိုပါ လျှောက်ထားမှုနှင့် ပတ်သက်၍ ကန့်ကွက်လိုသူရှိက ခိုင်လုံသောအထောက်အထားများဖြင့် (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မြေငှားဂရန်လျှောက်ထားမှုအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသိန်းဝင်း**

## မွေးသက္ကရာဇ်အမှန်

ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်၊ နွားဘန်းကြီးကျေးရွာနေ ဦးကံဦး၏သမီး ဒေါ်မိုးမိုး ၁၃/ရငန(နိုင်)၀၁၂၅၄၈ ၏ မွေးသက္ကရာဇ်အမှန်မှာ (၂၅-၇-၁၉၇၁)ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ရွာငံမြို့နယ်၊ မြင်းကျဒိုးကျေးရွာနေ ဦးပေါ်ဦး၏သမီး မမီလေး ၁၃/ရငန(နိုင်)၀၄၇၀၉၇ ၏ မွေးသက္ကရာဇ်အမှန်မှာ (၁၁-၁-၁၉၈၇)ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

